# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြို ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 6 July 2023 ၁၁၁၄၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွား မည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်
His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah နှင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံမှုများတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သဒ္ဒါဖြူဖွေး ဓလေ့သွေး ပေးလှူမကွာ တို့မြန်မာ

ဆောင်းပါး

စာမျက်နှာ » ၆

## စာပေမီးရှူးတန်ဆောင် ဆရာတော်အရှင်မဟာရဋ္ဌသာရ

ဆောင်းပါး

စာမျက်နှာ » ၁၀

## ယနေ့ ဖတ်စရာ


နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၄

"ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး" စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၈

သဘာဝဓာတ်မြေဩဇာစက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေး ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၉

ရသေ့တောင်မြို့နှင့် ပေါက်တောမြို့တို့အား ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးထားပြီဖြစ်
စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်
စာမျက်နှာ » ၁၅


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၅

| | |
|---|---|
| ရေး | ၃ ဒသမ ၇၄ လက်မ |
| ခန္တီး | ၂ ဒသမ ၄၈ လက်မ |
| ညောင်လေးပင် | ၂ ဒသမ ၂၈ လက်မ |
| မင်းပြား | ၂ ဒသမ ၂၀ လက်မ |
| ခရမ်း | ၂ ဒသမ ၁၂ လက်မ |
| သထုံ | ၂ ဒသမ ၀၅ လက်မ |

ကြေးမုံ

# ရိုးရာနည်းစားသုံးမှုကို ထိန်းသိမ်း နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုထောက်ကူ

မြန်မာနိုင်ငံသားများသည် ဆီစားသုံးမှုကို ရှေးရိုးအစဉ်အလာအတိုင်း နှစ်သက်မက်မောကြသည်။ အစားအသောက်များတွင် ဆီရွှဲရွှဲလေးပါဝင်မှ နှစ်သက်ကျေနပ်ကြသည်။ လက်ဖက်၊ ငါးရံ့ခြောက်တို့ကို ဆီစိမ်ပြီးမှ စားသုံးကြသည်။ ဟင်းလျာများတွင်လည်း ဆီများနစ်နေမှ နှစ်သက်ကြသည်။ အရသာရှိသော စားသောက်ဖွယ်ရာများဖြစ်၍ ကျေနပ်ကြသော်လည်း ငွေကြေးအပိုကုန်ကျမှုနှင့် ကျန်းမာရေးထိခိုက်မှုတို့ကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူတစ်ယောက်အနေဖြင့် ဆီစားသုံးမှုတစ်နှစ်လျှင် ၁၂ ကီလိုခန့်(၆ ပိဿာကျော် ၇ ပိဿာခန့်)ရှိသည်။ တစ်လလျှင် လူတစ်ယောက်သည် ၆၀ သား၊ ၇၅ ကျပ်သားခန့် စားသုံးမှုရှိသည်။ ပြည်သူအားလုံး တစ်နှစ်တာဆီစားသုံးမှုမှာ တန်ချိန်တစ်သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ တန်ချိန်တစ်သန်းတွင် တန်ချိန် ရှစ်သိန်း (၈၀ ရာခိုင်နှုန်း) သည် စားအုန်းဆီဖြစ်သည်။ ကျန်တန်ချိန်နှစ်သိန်းမှာ ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီနှင့် ပြည်ပမှတင်သွင်းနေသည့် နေကြာဆီ၊ ပဲပုပ်ဆီတို့ဖြစ်သည်။ ပြည်တွင်းလုပ်ငန်းသုံးစားအုန်းဆီကို ပြည်ပမှ အများဆုံးတင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ဆီထွက်သီးနှံအမျိုးမျိုးတို့ကို စိုက်ပျိုးနိုင်သောနိုင်ငံဖြစ်သည်။ သို့သော် ပြည်တွင်း၌ ဆီထွက်သီးနှံစိုက်ပျိုးမှု အပြည့်အဝမရှိပေ။ ထို့ကြောင့် စားသုံးဆီလိုအပ်ချက်ရှိသဖြင့် ပြည်ပမှ နှစ်စဉ်တန်ချိန်အမြောက်အမြားတင်သွင်းနေရသည်။ နိုင်ငံခြားငွေ အပိုကုန်ကျလျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးခြင်း၊ ရိုးရာနည်းဖြင့် ဆီစားသုံးမှု ချင့်ချိန်ချွေတာလျှော့ချခြင်း စသည့်နည်းလမ်းများဖြင့် မိမိတို့အကျိုး၊ တိုင်းပြည်အကျိုးရှိလာစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်းစားသုံးမှု စားသုံးဆီလိုအပ်ချက် နှစ်စဉ်မြင့်မားလျက်ရှိသောကြောင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရမှုကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်းလိုအပ်ချက်ကို ဦးစွာဖြေရှင်းကြရမည်ဖြစ်သည်။ "ဆီထွက်သီးနှံများကို ပြည်ပသို့တင်ပို့ခြင်းထက် ဆီထုတ်လုပ်ခြင်း၊ ရိုးရာနည်းဖြင့် စားသုံးမှုများကို ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း" ဇူလိုင်လ ၂ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲက စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မိုးစပါးဧက ၁၄ သန်းကျော်စိုက်ပျိုးပြီး မိုးစပါးစိုက်ပြီးချိန်တွင် ဧကခြောက်သန်းကျော်၌ မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံများအပါအဝင် အခြားသီးထပ်များစိုက်ပျိုးကြသည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးကို ဖြေရှင်းနိုင်ရန် ဆီထွက်သီးနှံများ သီးထပ်စိုက်ဧကတိုးမြှင့်ပြီး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးကြရန်လိုအပ်သည်။ အထွက်ကောင်းမျိုးများ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဆီထွက်သီးနှံသုတေသနတွေ့ရှိချက်များကို တောင်သူများအား မျှဝေရေး၊ အထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့်သာမက မြေဩဇာထည့်သွင်းရေး၊ ရေလုံလောက်ရေး၊ မြေပြုပြင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးစသည်တို့ကို ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ စားအုန်းဆီပင်မပါ စိုက်ဧကရှစ်သိန်းရှိသည်။ တောင်သူများအနေဖြင့် ဆီထွက်သီးနှံများကို မိုးစပါးအပြီးစိုက်ပျိုးကြသည်။ စပါးမစိုက်ဘဲ ယာသီးနှံစိုက်ပျိုးသည့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသများ၌ ဆီထွက်သီးနှံများစိုက်ပျိုးကြသည်။ စိုက်ဧကများကို တိုးတက်ဆောင်ရွက်နိုင်သည့်အတွက် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်၍ ပြည်ပမှ နှစ်စဉ်စားသုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်တွင်းစိုက်ပျိုးရေးထုတ်ကုန်များကို ဆီထွက်သီးနှံကဏ္ဍမှ မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်ပြောင်းလဲသွားနိုင်သည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်းဆီထုတ်လုပ်ခြင်းလုပ်ငန်းများ၌ အသုံးပြုမည်ဆိုပါက ပြည်တွင်းဆီစက်များ လည်ပတ်လုပ်ကိုင်နိုင်ခြင်း၊ တိရစ္ဆာန်အစားအစာများအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာပြီး ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမည်ဖြစ်သည့်အပြင် လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်စသည့်ဆီထွက်သီးနှံများ လက်ရှိအထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုပါက စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် လက်ရှိစိုက်ဧကများကို ပံ့ပိုးကူညီပေးခြင်း၊ သီးထပ်စိုက်ဧကများ တိုးတက်အောင်ဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာနည်းဖြစ်သည့် ဆီစားသုံးမှုအလေ့အထကို ကျန်းမာရေး၊ စီးပွားရေးအသိဖြင့် လျှော့ချခြင်းဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

## အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ်၊ ၄၀ /၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်၍ ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်တာဝန်ပေးလိုက်သည်။

၂။ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ၏ ခံစားခွင့်ဆိုင်ရာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ခရိုင်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်မှုပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၅**

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ) ကွပ်ကဲမှုအောက်ရှိ ခရိုင်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်မှုပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။



**ရွတ်ဆိုယှဉ်ပြိုင်**

ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆို ပူဇော်မှုပြိုင်ပွဲတွင် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ) ကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်နှင့် မိုင်းယောင်းခရိုင်တို့မှ ဝတ်ရွတ်အသင်း လေးသင်း ပါဝင်ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြပြီး သံဃာတော် အမှတ်ပေးဒိုင်များအဖြစ် ကျိုင်းတုံမြို့ ရပ်တော်မူထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ ဦးစီးဆရာတော်သုံးပါးနှင့် လူပုဂ္ဂိုလ်ဒိုင်များအဖြစ် ပြည်နယ် သာသနာရေးဦးစီးမှူး ဦးထွန်းမင်းအောင်၊ ကျိုင်းတုံတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်အေးအေးမူနှင့် မိုင်းလားခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးမောင်တို့က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်း၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စုစုလှိုင်၊ ခရိုင်အဆင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၃၄၇ | ၁,၀၀၀၆,၃၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၂၃ | ၁၆၅,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၈,၇၇၉ | ၁၃,၁၆၈,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၅၀ | ၂,၄၅၀ | ၁၈၅ | ၄၃၅,၇၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၂၇ | ၁,၀၉၀,၄၀၀ |
| MAEX | ၁,၈၅၀ | ၁,၈၀၀ | ၈၃,၃၃၁ | ၁၅၁,၄၀၂,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ကျောဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖြစ်ပေါ်လာခြင်းသည် မြတ်ဗုဒ္ဓ၏ သာသနာတော် အစပိုင်း **"တိစီဝရိတ်"**ဟု ခေါ်သည့် သုံးထည်သော သင်္ကန်းကိုသာ ခွင့်ပြုတော်မူခြင်းမှ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

## ခွင့်ပြုတော်မူခဲ့

မြတ်စွာဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကြီးကိုစတင်တည်ထောင်စဉ်က အရိယာသံဃာတော်များနှင့်သာ စတင်တည်ထောင်ခဲ့ပြီး သာသနာ အစောပိုင်းကာလတွင် ရဟန်းတော်များ ဝတ်ရုံသုံးစွဲရန်အတွက် **"တိစီဝရိတ်"**ဟုခေါ်သည့် သုံးထည်သော သင်္ကန်းကိုသာ ခွင့်ပြုတော်မူခဲ့ကြောင်း။

ရဟန်းတော်များ ဝါဆိုဝါကပ်ရန် မြတ်စွာဘုရားရှင် သတ်မှတ်ခွင့်ပြု ပေးတော်မူခဲ့သော ကာလမှာ မိုးတွင်းကာလဖြစ်သည့်အတွက် ရဟန်းတော်များအနေဖြင့် မိမိတို့ သီတင်းသုံးရာ ကျောင်းတိုက်တာနှင့် ညဉ့်ကင်း၍ ခရီးထွက်ခွာခြင်းမပြုရန်၊ အကယ်၍ မဖြစ်မနေ ခရီးသွားရမည့် ကိစ္စရှိပါကလည်း ဝါပန်၍ သွားရောက်ရန် စသည်ဖြင့် သိက္ခာပုဒ်များ ပညတ်တော် မူခဲ့သည်ကို သိရှိရကြောင်း။

ထိုမိုးတွင်းကာလအတွင်း ကျောင်းတိုက်တာပြင်ပဖြစ်သည့် မြို့ရွာအတွင်းသို့ သွားရမည့်ကိစ္စ၊ ခရီးဝေးသွားရမည့်ကိစ္စတို့ ပေါ်ပေါက်၍ သွားလာရသည့်အခါ ခရီးသွားလာရင်း မိုးစို မိုးမိခဲ့ပါက ရေစိုသင်္ကန်းအား ခြောက်သွေ့သည့် အပိုသင်္ကန်းဖြင့် လဲလှယ်ဝတ်ရုံရန် အပိုသင်္ကန်းထားရှိခွင့်နှင့် မိုးရွာစဉ် မိုးရေချိုးသည့်အခါ၌လည်း ရေစိုခံမည့် မိုးရေခံသင်္ကန်းချုပ်ဆိုးခွင့်၊ ဝတ်ရုံခွင့်တို့ကို ထိုစဉ်က မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူခြင်း မရှိသေးသည့်အတွက် မိုးရေခံသင်္ကန်းနှင့်စပ်လျဉ်း၍ ရဟန်းတော်များ အခက်အခဲဖြစ်မှုကိုသိရှိသည့် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ "မိုးရေခံသင်္ကန်း" လှူဒါန်းခွင့် လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း အလှူခံသုံးစွဲခွင့်ကို ဝိနည်း သိက္ခာပုဒ် နှစ်ခု ပညတ်၍ သုံးစွဲရမည့် ကာလနှင့် အတိုင်းအတာ အရွယ်အစားပမာဏတို့ကို ခွင့်ပြုပေးတော်မူခဲ့ကြောင်း။

မိုးရေချိုးသောအခါတွင် အသုံးပြုရန် မိုးရေခံသင်္ကန်း လှူဒါန်းခဲ့ကြသော်လည်း နောင်တွင် မိုးရာသီဖြစ်သော ဝါတွင်းသုံးလတွင် ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်တို့အား လှူဒါန်းကြသည့်အတွက် "ဝါဆိုသင်္ကန်း"ဟု ပြောင်းလဲခေါ်ဝေါ်သုံးစွဲလာကြကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံသူ/ နိုင်ငံသားတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် ဝါဆိုပွဲတော်သည် ထုံးတမ်းအစဉ်အလာ တစ်ရပ်အနေဖြင့် တည်ရှိလာခဲ့ပြီး ဝိနည်းတရားတော်နှင့်အညီ လှူဒါန်းခွင့်ရရှိခြင်း၊ ကာလဒါနဖြစ်ခြင်းတို့ကြောင့် မွန်မြတ်သည့်အလှူဒါနဟု ခေါ်ဆိုရမည်ဖြစ်ကြောင်း။

မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့အနက် ဝါတွင်းကာလအတွင်း သင်္ကန်းဖြင့် မပင်ပန်းကြစေရန် လှူဒါန်းကြရခြင်းဖြစ်သည့်အတွက် သင်္ကန်းလှူဒါန်းကြရသူများအနေဖြင့် **"ရွှေရောင် အဆင်း၊ ညစ်ကြေးကင်း၍၊ ပြေပြစ်ခန့်ညား၊ ရှိန်အဝါနဲ့၊ ကမ္ဗလာစ, သား၊ ဝတ်ထည်များကို၊ ဆင်မြန်းရခြင်း"** စသောအကျိုးထူးများ ခံစားရရှိနိုင်ပြီး ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းတို့ကို အစဉ်အမြဲလှူဒါန်းကြသည့် ကာလဒါန ကုသိုလ် ဖြစ်ခြင်းကြောင့် **"သောတာပန် နှယ်၊ ဂုဏ်ရည် ကြွယ်၍၊ လေးဝ,ပါယ်ဘေး၊ လွတ်ကင်းဝေး"** နိုင်ကြောင်းကိုလည်း ကျမ်းဂန်အဆိုအမိန့်များအရ သိရှိရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစဉ်။

## ဗုဒ္ဓအလိုတော်ကျဖြစ်

နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပြီး သက်တော်ရှည် သံဃာ့ဥဩျောင် ဆရာတော်ကြီးများကို နှစ်စဉ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း(ဝါဆိုသင်္ကန်း) ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် ဗုဒ္ဓအလိုတော်ကျဖြစ်ခြင်း၊ ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အကြောင်းပြု၍ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ခွင့်ရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိခြင်းတို့က ကောင်းမြတ်သည့် အခွင့်ကောင်း၊ အစဉ်အလာကောင်းများကို ထိန်းသိမ်းရာ ရောက်သကဲ့သို့ ရည်ရွယ်သတ်မှတ်ထားသည့် အချိန်အခါရောက်တိုင်း ဆည်းပူး အားထုတ်ရသည့်အတွက် **"အာစိဏ္ဏ ကံ"** ကုသိုလ်ကိုလည်း ဖြည့်ကျင့်ရာရောက်သည်ကို သိရှိရကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများ၊ ဒေသခံဆရာတော်များဖြစ်သည့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်များကိုပင့်ဆောင်မည်ဖြစ်သည်ကို သိရှိရကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ပင့်ဆောင်ရာတွင် လေယာဉ်ဖြင့်သာ ပင့်ဆောင်သွားရန်နှင့် လေဆိပ်နှင့် သံဃာရာမကျောင်းဆောင်သို့ ကြိုဆိုပင့်ဆောင်ရာတွင်ဖြစ်စေ၊ ဒေသခံဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရာတွင်ဖြစ်စေ၊ အဆင်ပြေချောမွေ့စေရေးနှင့် လမ်းကြောင်းလုံခြုံရေးကအစ အထူးအလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ညကျိန်းစက်အမီ ကြွရောက်လာကြသည့် ဆရာတော်ကြီးများကို သံဃာရာမ ကျောင်းဆောင်များတွင် စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေး စီစဉ်ပေးရန်နှင့် ဝေယျာဝစ္စဆောင်ရွက်ကြမည့် ကပ္ပိယကာရကများကိုလည်း စနစ်တကျ တာဝန်ပေးအပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးမှာကြားလိုသည်မှာ ဆရာတော်ကြီးများအား လာရောက်ဖူးမြော်ကြမည့် ဧည့်သည် အဝင်/ အထွက်ကိုလည်း လုံခြုံရေးအရ စနစ်တကျ စိစစ်ကြပ်မတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဝင်/ထွက်သွားလာရေး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ဖွဲ့စည်းထားပြီးဖြစ်

၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၁၀/ ၂၀၂၃) ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သကဲ့သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း အခမ်းအနားဆိုင်ရာလုပ်ငန်းများကို စနစ်တကျ တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်ကို သိရှိရကြောင်း။

ယခုကဲ့သို့ဆောင်ရွက်ရမည့်လုပ်ငန်းများအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများကို လစ်ဟာမှုမရှိစေရန် စေ့စပ်သေချာစွာ အပြန်အလှန်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အခမ်းအနားကျင်းပမည့် နေ့ရက်မတိုင်မီနှင့် အခမ်းအနားနေ့တို့တွင် ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဆွမ်း၊ ဟင်းလျာများဖြစ်ရန်အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ကျန်းမာရေးဆပ်ကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အခမ်းအနားတွင် ဆရာတော်ကြီးများ၏ သီလချီးမြှင့်ခြင်းနှင့် အနုမောဒနာတရား ချီးမြှင့်ခြင်းတို့တွင် အသံစနစ်ကောင်းမွန်စေရေးအတွက် လိုအပ်သည့်စစ်ဆေး စမ်းသပ်မှုတို့ကို ကြိုတင်စစ်ဆေးထားရမည်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအနေဖြင့် လုံခြုံရေးနှင့်စပ်လျဉ်း၍ ရှုထောင့်စုံ၊ ဘက်ပေါင်းစုံ ရှုမြင်သုံးသပ်ကာ အထူးအလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားများ ကျင်းပရာတွင် တွေ့ကြုံရသည့် အားနည်းချက်များကိုပြုပြင်ပြီး အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပပြုလုပ်နေကျဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းအတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် လုပ်ငန်းများဆောင်ရွက်သည့် နေရာတွင် လစ်ဟင်းမှုမရှိစေရေး၊ သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## စနစ်တကျစီမံဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြမည့် သက်တော်ရှည် ဆရာတော်ကြီးများ ပင်ပန်းခြင်းမရှိ အခမ်းအနားတက်ရောက်နိုင်ရေး၊ ကျိန်းစက်အနားယူနိုင်ရေးနှင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် စနစ်တကျစီမံဆောင်ရွက်ပေးကြရန်နှင့် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အဖွဲ့ဝင်ဒုတိယဝန်ကြီး ဒေါ်နုမြဇံက အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေး ဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းများပြင်ဆင်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့်အဖွဲ့အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်နှင့် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့် အချက်များကို စုစည်း၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုကော်မတီ၏ သဘောထားများကို အပြန်အလှန် ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဝန်ထမ်းများနှင့် မိသားစုများအား e-ID စနစ်လုပ်ငန်းအတွက် ကိုယ်ရေးအချက်အလက်များကောက်ယူနေမှု ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၅

e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် မြို့နယ်အတွင်း မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းဇယား အချက်အလက်နှင့် လက်ခံမှတ်တမ်းများ စုစည်းသိမ်းဆည်းထားရှိမှု၊ ရုံးခန်းမအတွင်း ဝန်ထမ်းများက မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းအချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်း၍ နေပြည်တော် (ရုံးချုပ်) ရှိ e-ID Sever မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ် ပြင်ဆင်အတည်ပြု ဆောင်ရွက်နေမှု၊ မှတ်တမ်းခန်းများအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းဆိုင်ရာ မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှု၍ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်းရန်နှင့် တိကျမှန်ကန်စွာ ဖြည့်သွင်းတိုက်ဆိုင်စိစစ်ဆောင်ရွက်သွားရန် မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ချမ်းမြသာစည်မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ အဆိုပါဥပဒေချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများကို e-ID စနစ် လုပ်ငန်းအတွက် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝအချက်အလက်(Biometric) ကောက်ယူနေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခု ဆောင်ရွက်သည့် e-ID စနစ် လုပ်ငန်းတွင် ဂဏန်း(၁၀)လုံးပါ Unique ID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပြည်သူကို ထိရောက်သော ဝန်ဆောင်မှုအဖြစ် National ID Smart Card ထုတ်ပေးခြင်း လုပ်ငန်းကို ဥပဒေနှင့်အညီ ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လွှတ်တော်ရုံးဟောင်း အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမားရိုးကျလုပ်ငန်းများအပြင် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်(၃)ခုကို တစ်ပြိုင်နက်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်းကောက်ယူခဲ့သည့် စာရင်းအချက်အလက်များကို e-ID Server အတွင်း ဖြည့်သွင်းတိုက်ဆိုင် စိစစ်ပြင်ဆင် အတည်ပြုခြင်းလုပ်ငန်း၊ e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းနှင့် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတွင်ပါဝင်သည့် GIS နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲခြင်းနှင့် သန်းခေါင်စာရင်းကောက်ကွက်ယူနစ် Census Units များ ဖွဲ့စည်းနိုင်ရန် Point ကောက်ယူခြင်းလုပ်ငန်းတို့ ဖြစ်ကြောင်း။

ယင်းလုပ်ငန်းအားလုံးသည် ပြီးစီးရမည့်လုပ်ငန်းပမာဏနှင့် အချိန်ကာလကန့်သတ်ချက်များရှိသည့်အတွက် သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တိကျမှန်ကန်သည့်အချက်အလက်များ ဖြစ်စေရေးအတွက် စနစ်တကျ အလေးဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတိုင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ရသည့်အတွက် စနစ်တကျဆောင်ရွက်ကြရန်နှင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ရှေးဦးသူနာပြုစုခြင်း (အခြေခံအဆင့်)သင်တန်းဆင်းပွဲ ကျင်းပ

လှည်းကူး ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးသူနာပြုစုခြင်း (အခြေခံအဆင့်) သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က ကျေးဇူးတင်စကားပြောကြား၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ရှေးဦးသူနာပြုစုခြင်း (အခြေခံအဆင့်) သင်တန်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၁၉၅ ဦး အား စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးပိုင် စိုက်ပျိုးမြေဧရိယာ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ခုံရုံးအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ကျွန်းပင်စုစုပေါင်း ၄၂၂ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီ ဒက္ခိဏသီရိခရိုင် နေပြည်တော်ဟိုတယ်ဇုန် အတွင်းရှိ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းရုံးနေရာ၌ ကျင်းပသည်။

ဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က သတ်မှတ်နေရာတွင် ရေတမာပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ အာသောက၊ ထိုင်ဝမ်ဗာဒံ၊ ခရေ၊ ကံ့ကော်၊ ကျွန်း၊ စိန်ပန်းပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျိုးပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယခုစိုက်ပျိုးပွဲတွင် ရေတမာ၊ အာသောက၊ ထိုင်ဝမ်ဗာဒံ၊ ခရေ၊ ကံ့ကော်၊ ကျွန်း၊ စိန်ပန်းပင်စသော အရိပ်ရလေကာပင်၊ ပန်းအလှပင်စသည့် စုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



## လှည်းကူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးခြင်းလုပ်ငန်းဆောင်ရွက်

လှည်းကူး ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယနေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ်ဘီလီယံမှ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင် သုံးဦး၊ ခဝတ်မြေသြဇာထုတ်လုပ်ရေးလုပ်ငန်းရှင်နှစ်ဦးတို့အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ်သိန်း ၄၄၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ မိုး/ဇလ



## မြိတ်မြို့၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

မြိတ် ဇူလိုင် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းကို မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ရုံးလမ်း မြိတ်မြို့နယ်ဦးစီးမှူးရုံးဘေးအဆောက်အအုံ၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေ ဦးဆောင်၍ ဝန်ထမ်းများက ဇွန် ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး QR Code ပါသည့် ဂဏန်း ၁၀ လုံးပါသော Unique ID နံပါတ်ပါ နံပါတ်ပြန်လည်ထုတ်ပေးလျက်ရှိကာ ယနေ့အထိ နိုင်ငံ့ဝန်ထမ်းများနှင့် မှီခိုသူ မိသားစုဝင်များကို ကောက်ယူဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေဖြင့် လူဦးရေ ၂၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မင်းလှမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မင်းလှ ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို စိန်ကန့်လန့်-မြို့ချောင်းလမ်း မုက္ခာကြိုးဝိုင်းအကွက်၌ ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဟော်ဂနီ၊ ခရေ၊ ပိတောက် စုစုပေါင်း ၅၀၇ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## တွံတေးမြို့နယ် သဝန်းတောချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

တွံတေး ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဇူလိုင် ၄ ရက် နံနက် ၉ နာရီက တွံတေးမြို့နယ် သဝန်းတောချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်လွင်၊ တွံတေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ထွန်း၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိမိခိုင်နှင့် ဝန်ထမ်းများ၊ သဝန်းတောကျေးရွာ ဒေသခံပြည်သူများက တွံတေးငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၅၀၀၀၀ စုစုပေါင်းသားပေါက်ကောင်ရေ ၄၅၀၀၀၀ အား တွံတေးမြို့နယ် သဝန်းတောချောင်းအတွင်းသို့ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# သဒ္ဒါဖြူဖွေး ခလေ့သွေး ပေးလှူမကွာ တို့မြန်မာ

**မင်းထွင့်ခေါင်(ရာမည)**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မြန်မာလူမျိုးများသည် အလှူရေစက် လက်နဲ့မကွာဟု ဆိုသည့်အတိုင်း ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် အလေးထားဆောင်ရွက်ကြသူများဖြစ်သည်။ ထို့အပြင် ညောင်စေ့လောက်လှူ ညောင်ပင်လောက်ရဟူသည့် ဆိုထုံးကို စိတ်ဝယ်သွင်းကာ သဒ္ဒါတရားနည်းများမဆို ကုသိုလ်ပွားများကြသူများလည်းဖြစ်ကြ၏။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် မြတ်စွာဘုရား၏ကိုယ်ပွား ရုပ်ပွားတော်ကို ကိုးကွယ်ခွင့်ပြုခဲ့သည့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိသစေတီ၊ ပရိဘောဂစေတီများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ဘာသာရေးနှင့်သော်လည်းကောင်း၊ လူမှုရေးအတွက်သော်လည်းကောင်း အလှူအတန်းနှင့်ပတ်သက်လာပါက တုံ့ဆိုင်းနေသူများ မဟုတ်ကြပါချေ။

ယခုဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ထားပူဇော်ခဲ့သည်မှာ လုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ပါသည်။ ဌာပနာသွင်းလှူပူဇော်ခြင်း အခမ်းအနားများမှ ပြည်တွင်း ပြည်ပစေတနာရှင်၊အလှူရှင်များ၏ လှူဒါန်းမှုပမာဏများကို မြင်တွေ့ရချိန်တွင် ရင်ဝယ်တစိမ့်စိမ့်ပီတိများနှင့် သာဓုအနုမောဒနာ ခေါ်ဆိုခဲ့မိပါသည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာတော့မည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တည်ဆောက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်း ပြသခြင်းအခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။ **ထိုအခမ်းအနားတွင် သာသနာနုဂ္ဂဟအဖွဲ့ရ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်း ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သမိုင်းအကျဉ်းဖြစ်စဉ်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုသို့ရှင်းလင်းပြသခြင်းမှာ တက်ရောက်လာကြသော ထိုဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့်သော်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သော်လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြသောကြောင့် ဖြစ်ပါသည်။**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ထိုရည်ရွယ်ချက်များမှ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန် ဆိုသည်မှာ ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံး အေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။ **နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှင်းလင်းမှုတွင် ကျောက်တုံးတော်ကြီး စတင်တွေ့ရှိချိန်မှ လက်ရှိအချိန်ထိ အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကြားမှ ကြိုးစားဆောင်ရွက်ခဲ့ရမှုတို့ကို အသေးစိတ် ရှင်းလင်းခဲ့ရာ အချိန်အားဖြင့် နှစ်နာရီနီးပါး ကြာမြင့်ခဲ့ပါသည်။ ဧည့်ပရိသတ်တို့အနေဖြင့် ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် အုံ့ဩဖွယ်၊ မထင်မှတ်ဖွယ် အခက်အခဲများ ကျော်ဖြတ်ခဲ့ရပုံများကို ရုပ်ပုံများ၊ Video Clip များဖြင့် တွေ့မြင်ရသည်မှာ အချိန်ကုန်မှန်းမသိအောင်ပင် စိတ်ဝင်စားဖွယ် ဖူးမြော်ကြည်ညိုခဲ့ရပါတယ်လို့ ဆိုကြပါသည်။ ရှင်းလင်းပြသပြီးချိန် မူလအစီအစဉ်တွင်မပါဝင်သည့် အလှူငွေပါဝင်လှူဒါန်းလိုကြောင်းကို ဧည့်ပရိသတ်အချို့က ကမ်းလှမ်းရာမှ အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ကြားဖြတ်အနေဖြင့် ရုတ်တရက်စီစဉ်ခဲ့ရကြောင်းကိုလည်း တွေ့မြင်ခဲ့ရပါသည်။**

အလှူရှင်ဧည့်ပရိသတ်များက အလှူငွေများကို သဒ္ဒါယိုဖိတ်ကြည်ညိုစိတ်ဖြင့်ရွှင်လန်းဝမ်းမြောက်စွာ ထည့်ဝင်လှူဒါန်းကြသည်မှာ အလှူငွေကျပ်၁၆ဒသမ ၁၇၇ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ စာရေးသူအနေဖြင့် ထိုအလှူရှင်များ၏ ထက်သန်သောသဒ္ဓါတရားကို ကြည်နူးစိတ်ပွားလျက် သာဓုအကြိမ်ကြိမ် ကြည်ကြည်နူးနူးခေါ်ဆိုမိခဲ့ပါသေးသည်။ မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်မှုကြောင့် အခက်အခဲများကြုံတွေ့ခဲ့ရသောပြည်သူများအတွက်လည်း ပထမအကြိမ် မေလ ၁၅ ရက်တွင် ငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀၊ မေလ ၂၀ ရက်တွင် အလှူငွေများ ထပ်မံပေးအပ်ခဲ့ရာ စုစုပေါင်းအနေဖြင့် ငွေကျပ် ၈၇၁၇၅၃၉၅၀၀၊ ထိုင်းဘတ်ငွေ တစ်သန်း၊ ကျပ်သိန်း ၁၅၀၀၀ တန်ဖိုးရှိသွပ်ချပ်ရေတစ်သိန်းနှင့် ဆက်စပ်အိမ်မိုးပစ္စည်းများ၊ ယွမ်တစ်သိန်းနှင့်ညီမျှသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ရေသန့်များကို လက်ခံရရှိခဲ့ပါသည်။ နောက်ပိုင်းတွင်လည်း ဆက်၍ဆက်၍ လှူဒါန်းခဲ့ကြပါသေးသည်။ ရန်ပုံငွေ ဖျော်ဖြေပွဲများကျင်းပ၍လည်း လှူဒါန်းနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့သည်ကို အားလုံးမြင်တွေ့ကြရမည်ဖြစ်ပေသည်။ ထိုရရှိသော အလှူငွေများနှင့် အိမ်သုံးပစ္စည်းများ၊ အစားအသောက်များအား မဆိုင်းမတွပင် ခွဲဝေပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် “ပြည်တွင်း ပြည်ပမှ လှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများ တစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး ကူညီဆောင်ရွက်သွားမည်” ဟုလည်း အတိအလင်း ပြောကြားခဲ့သည်ကို ရုပ်မြင်သံကြားတွင် ကြားသိခဲ့ရသကဲ့သို့ နိုင်ငံပိုင်သတင်းစာများတွင်လည်း ဖတ်ရှုခဲ့ရပါသည်။

ဘာသာ၊ သာသနာကို စည်ပင်ပြန့်ပွားတိုးတက်စေရေးအတွက် သဒ္ဓါကြည်လင်စွာဖြင့် ကုသိုလ်ရှင်များက ကျောက်တုံးတော်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားချိန်တွင် တစ်ဆက်တည်းဆိုသလို ဗုဒ္ဓဥယျာဉ်တော် အတွင်းတွင်လည်း အခြားသော ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များကိုပါတည်ဆောက်ခဲ့ပြီး ပိဋကတ်သုံးပုံကိုလည်း ပါဠိအက္ခရာ၊ Romanize Language ဖြင့် ကျောက်စာချပ်များ ရေးထိုးနိုင်ရေးကိုပါ ဆောင်ရွက်ခဲ့ကြပါသည်။ ကျောက်တုံးတော်ကြီး စတင်တွေ့ရှိပြီးချိန်မှသည် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် “တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့” ဟူသည့်အတိုင်း ဦးဆောင်မှုကောင်းများဖြင့် နေ့မအားညမနား တည်ဆောက်ခဲ့သည်မှာ အလွန်သပ္ပာယ်တင့်တယ်ဖွယ်ဖြစ်သော ရုပ်ပွားတော်မြတ်ကြီးအားအများပြည်သူတို့ မြန်သည်ထက်မြန်စွာ ဖူးမြော်စေလိုသောဆန္ဒမွန်ပင်ဖြစ်ပေသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇွန်လ ၂၉ ရက်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းပြသစဉ်။

> **ဧည့်ပရိသတ်တို့အနေဖြင့် ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် အုံ့ဩဖွယ်၊ မထင်မှတ်ဖွယ် အခက်အခဲများ ကျော်ဖြတ်ခဲ့ရပုံများကို ရုပ်ပုံများ၊ Video Clip များဖြင့် တွေ့မြင်ရသည်မှာ အချိန်ကုန်မှန်းမသိအောင်ပင် စိတ်ဝင်စားဖွယ် ဖူးမြော်ကြည်ညိုခဲ့ရပါတယ်လို့ ဆိုကြပါသည်။ ရှင်းလင်းပြသပြီးချိန်တွင် မူလအစီအစဉ်တွင် မပါဝင်သည့် အလှူငွေပါဝင်လှူဒါန်းလိုကြောင်းကို ဧည့်ပရိသတ်အချို့က ကမ်းလှမ်းရာမှ အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ကြားဖြတ်အနေဖြင့် ရုတ်တရက် စီစဉ်ခဲ့ရကြောင်းကိုလည်း တွေ့မြင်ခဲ့ရ**

ရုပ်ပွားတော်မြတ်ကြီး၏ တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ် ရုပ်လုံးပေါ်လာမှုများကို ဝမ်းမြောက်ပီတိဖြစ်မဆုံးသည့် အကြီးအကဲအနေဖြင့် တစ်ဦးတည်း မခံစားလိုသဖြင့် “အစားကောင်း စားလျှင် မိတ်ဆွေကောင်းကို သတိရသည်” ဟူသကဲ့သို့ ဝမ်းမြောက်ပီတိအရသာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထေရ်ကြီးဝါကြီး၊ သံဃာတော်အရှင်မြတ်ကြီးများအား ပင့်လျှောက်ဖူးမြော်စေခဲ့ပါသည်။ အချို့သံဃာတော်ကြီးများမှာ အသက်အရွယ်အရ ကျန်းမာရေးခက်ခဲသော်လည်း ခရီးအတန်တန်ဖြင့် ရောက်အောင် လာရောက်ဖူးမြော်ကြသည်ကိုလည်း သတင်းများတွင် ဝေဝေဆာဆာဖူးမြင်ခဲ့ရသဖြင့် စာရေးသူတို့ သာဓုအကြိမ်ကြိမ် ခေါ်ဆိုခဲ့မိပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တာဝန်များများပြားလှသည့်ကြားမှပင် လုပ်ဖော်ကိုင်ဖက် ပြည်ထောင်စုဝန်ကြီးများ အပါအဝင် အစိုးရအဖွဲ့ဝင်များကိုလည်း ကုသိုလ်စိတ်များ ရစိမ့်သောငှာ အခါအားလျော်စွာ ခေါ်ယူပြသခဲ့ပါသည်။ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ဖြစ်ပေါ်လာသော သာသနိကအဆောက်အအုံများ၊ ရုပ်ပွားတော်မြတ်ကြီး ရုပ်လုံးတော်များမှာ ခမ်းနားကြီးမြတ်စွာထွက်ပေါ်လာပြီဖြစ်ရာ ပီတိအလှူကို ပေးဆပ်သူနှင့် ခံယူသူတို့သာ သိနိုင်မည်ဖြစ်ပြီး ဘာသာ၊ သာသနာအတွက် ဂုဏ်ယူစိတ်၊ ထိန်းသိမ်းလိုစိတ်၊ နောင်လာနောက်သားတို့ ယခုထက်တိုး၍အလေးထားရလေအောင် လမ်းကြောင်းပေးရမည့်တာဝန်မှာ မိမိတို့တွင် ရှိနေပြီဟူသော အတွေးများ အစိုးရအဖွဲ့ဝင်များ၏ နှလုံးအိမ်တွင် ရှင်သန်နေစေခဲ့ပြီဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ❖

❖ စာမျက်နှာ ၆ မှ

ပျားပန်းခပ်မျှသော ပြည်တွင်းတတ်သိပညာရှင်အပေါင်းနှင့် ပြည်သူလူထု၏ လုပ်အားဒါနတို့ဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ မကြာမီ တင့်တယ်သပ္ပာယ်စွာ ပြီးမြောက်ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ ဥယျာဉ်မှူးသည် ပျိုးပင်များ တစ်စတစ်စရှင်သန်ပွင့်လန်းလာပုံကိုမြင်ရသည့်အခါ မိမိနှင့် နီးစပ်ရာမိတ်ကောင်းဆွေကောင်းတို့ကို ခံစားစေလိုသည်၊ မုဒိတာပွားစေလိုသည်။ မင်းတို့၏ နဝရတ် ကိုးပါးဟု ဆိုသည့်အထဲတွင် သူဌေးသူကြွယ်တို့သည် ပြည်၏ ဝမ်းဗိုက်ဖြစ်သည်ဟု တင်စားကြပါသည်။ ပြည့်ဝမ်းအပါအဝင် အခြားသောအရာများကို မချိုးဖျက် မဖျက်ဆီးရာဟု အဆုံးအမရှိခဲ့ပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုကဲ့သို့ပြသခြင်းမှာ ပြည့်ဝမ်းနှင့်တူသော ပုဂ္ဂိုလ်များအား ချီးမြှင့်မြှောက်စားပေးခြင်းသာဖြစ်၏။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ရင်မှဖြစ်သော ပီတိသောမနဿအဟုန်တို့ဖြင့် စီစဉ်ညွှန်ကြားခဲ့မှုများကြောင့် သာသနာ့ရုပ်လုံးရုပ်ကြွကောင်းဖြစ်ပေါ်လာအောင် ကိုယ်နှင့်စိတ်ကိုနှစ်၍ တည်ဆောက်နေသော အဖွဲ့အစည်းတို့၏ လုပ်အားသည် ရာနှုန်းပြည့်နီးပါး ပေါ်လာတော့မည်ဖြစ်ပေသည်။

ပို၍ ဂုဏ်ယူပီတိဖြစ်ဖွယ်ကောင်းသည်ကား တပ်မတော်သားအင်ဂျင်နီယာများနှင့် ပြည်တွင်း အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာတော့မည် ဖြစ်ခြင်းပင်ဖြစ်၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ ဗုဒ္ဓဥယျာဉ်အတွင်းသို့ ရောက်သွားချိန်တွင် ငယ်စဉ်က သင်ကြားခဲ့ရသည့် "ဘုံဝတီသာနန္ဒာပေလော၊ တူစွဟုတ္တာ" ဟူသည့် မြကန်သာ ကဗျာလေးကိုပင် သတိရမိပါသည်။ ကျွန်တော်အပါအဝင် ပြည်သူအပေါင်းတို့လှူဒါန်းခဲ့ကြသော အသပြာအနည်းငယ်သည် ယခုကဲ့သို့ ကမ္ဘာ့အမြင့်ဆုံး ထိုင်တော်မူ စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အလှူရှင်ဖြစ်ပြီတကားဟု ဝမ်းမြောက်မိပါသည်။ သတင်းမှတ်တမ်းများတွင် အလှူကြီးပေးဖို့ရာ တန်းစီနေကြသော ပြည့်ဝမ်းနှင့်တူသည့် ပုဂ္ဂိုလ်များ၏ မျက်နှာအသီးသီးတွင် ပီတိစိတ်နှင့် ဤသာသနာ့မှတ်တမ်းကြီး မစိုက်ထူမီ မိမိတို့လှူဒါန်းခွင့်ရလိုက်လေပြီဟူသော စိတ်ထားတို့ကိုလည်း မြင်နေရသဖြင့် အလှူရှင်တို့ကိုယ်စား ဝမ်းမြောက်မိပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တကွ ခုနစ်ရက်သား သမီးများ၊ ဘုရားဒါယကာ၊ ဒါယိကာမ တို့၏ စုပေါင်းလှူဒါန်းမှုများဖြင့် မကြာမီ မြန်မာကရော ကမ္ဘာကပါ ဖူးမြော်နိုင်တော့မည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်ဝယ်ဦးခိုက်ရင်း လှူဒါန်းမှုအစုစုတို့အတွက် ဝမ်းမြောက် ပီတိစိတ်နှင့်အတူ **"သဒ္ဓါဖြူဖွေး ခလေ့သွေး ပေးလှူမကွာ တို့မြန်မာ"**ဟုသာ နှုတ်ဖျားဝယ် ရေရွတ်မိပါတော့သည်။ ။

## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ

ပုသိမ် ဇူလိုင် ၅

ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်မှသည် နိုင်ငံ့လက်ရွေးစင်များအထိ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရောဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ဘောလုံးပြိုင်ပွဲအား ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ ဘောလုံးအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေး၊ ခရိုင်တစ်ခုနှင့်တစ်ခု အပြန်အလှန် ပူးပေါင်းဆောင်ရွက်လာနိုင်စေရေး အစရှိသည့် ရည်ရွယ်ချက်များအပြင် ရောဝတီတိုင်းဒေသ



ကြီး ကိုယ်စားပြု ထူးချွန်ထက်မြက်သည့် အမျိုးသမီး ဘောလုံး အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ကျင်းပသည့် ပြိုင်ပွဲဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မိမိတို့ခရိုင်၊ မိမိတို့ တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်နိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်လိုပါကြောင်း တိုက်တွန်းမှာကြား၍ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်ကြောင်းမှူးဦးဆောင်သည့် ပြိုင်ပွဲဝင်အသင်းများက ဝန်ကြီးချုပ်အား အလေးပြုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်အား ရွတ်ဆိုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ပြိုင်ပွဲဝင် အသင်းများက ကွင်းအတွင်းမှပြန်လည်ထွက်ခွာခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖွင့်ပွဲစဉ်အဖြစ် ကျုံပျော်ခရိုင်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါဘောလုံးပွဲစဉ်များအား ယခုလ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပုသိမ်မြို့နယ်၌ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့ သတ်မှတ်ကာ စစ်ဆေးမှုများဆောင်ရွက်

ပုသိမ် ဇူလိုင် ၅

ရောဝတီတိုင်း ဒေသကြီး၌ အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် လိုက်လံဆောင်ရွက်ခဲ့သည်။

ပုသိမ်မြို့စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဦးဆောင်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ ပုသိမ်မြို့ မြို့မဈေး၊ ကမ်းနားဈေး၊ အောင်ရောဈေး၊ အောင်သီရိဈေး၊ ရောမင်းဈေးနှင့် မြို့သစ်ဈေးတို့တွင် လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ ဈေးသူဈေးသားများအား ပလတ်စတစ်အန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား အင်ဖက်၊ တောင်စွန်ဖက်၊ ဗာဒံရွက်များ အသုံးပြု၍ ရောင်းချစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

မိတ္ထီလာ ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာဘရူဝါရီလီမိတက်မှ ဦးသော်ဇင်အောင်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် သိန်း ၁၅၀ ကို အာမခံအလုပ်သမား ဦးသော်ဇင်အောင်၏ ဖခင် ဦးတင်အောင်ခိုင်အား ပေးအပ်ခဲ့သည်။



ဆက်လက်၍ မိတ္ထီလာမြို့ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံတွင် လူမှုဖူလုံရေးစီမံကိန်းအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

■ ၂၀၂၄ ခုနှစ်မှ

ဘရာဇီးနိုင်ငံ လက်ရွေးစင်အသင်းဟာ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်ကတည်းက လက်ရွေးစင်အသင်းအတွက် အမြဲတမ်းနည်းပြခန့်အပ်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ လာမယ့်နွေရာသီကာလမှာ ဘရာဇီးနိုင်ငံ လက်ရွေးစင်အသင်းကို နည်းပြအဖြစ် အန်စလော့တီက တာဝန်ယူကိုင်တွယ်တော့မှာဖြစ်တာကြောင့် အန်စလော့တီဟာ ၁၉၆၅ ခုနှစ်နောက်ပိုင်း ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းကို တာဝန်ယူကိုင်တွယ်မယ့် ပထမဆုံးနိုင်ငံခြားသားနည်းပြလည်း ဖြစ်လာတော့မှာဖြစ်ပါတယ်။

### ရယူပေးနိုင်ခဲ့

အသက် ၆၄ နှစ်အရွယ်ရှိ နည်းပြ အန်စလော့တီဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလားနဲ့ ကမ္ဘာ့ကလပ်အသင်းများဖလားတို့ကို ရယူပေးနိုင်ခဲ့တဲ့နည်းပြတစ်ဦးလည်း ဖြစ်ပါတယ်။

ငွေကြယ်

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၅

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# “ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး” စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ






နေပြည်တော် ဇူလိုင် ၅

လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး ကွင်းဆက်တစ်လျှောက်ရှိ သက်ဆိုင်သူများအားလုံး ကြုံတွေ့နေကြရသည့် နည်းပညာလိုအပ်ချက်များနှင့် အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် လစဉ်ကျင်းပလျက်ရှိသည့် ဗုဒ္ဓဟူးနေ့ စကားဝိုင်းကို ယနေ့တွင် (၂၃)ကြိမ်မြောက်အဖြစ် ကျင်းပပြီး “ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

(၂၃) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဘေးကင်းလုံခြုံမှုရှိသည့် စိုက်ပျိုးရေး ထွက်ကုန်များကို ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး အတွက် မြေယာပြုပြင်သည်မှ ပျိုးထောင်စိုက်ပျိုးပြုစုခြင်း လုပ်ငန်းများ၊ ပြုပြင်ထုပ်ပိုးရောင်းချခြင်း လုပ်ငန်းများ စသည့်လုပ်ငန်းစဉ် ကွင်းဆက် တစ်လျှောက်တွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များကို သက်ဆိုင်သူအားလုံးနှင့် စားသုံးသူ လုပ်သားပြည်သူအားလုံး လိုက်နာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပေးခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကို မီဒီယာအမျိုးမျိုးဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုကြောင်း၊ ယခုကဲ့သို့စကားဝိုင်း ဆွေးနွေးပွဲများတွင် ဆွေးနွေး ဖော်ထုတ်ရရှိလာသည့် အချက်အလက်များကို စနစ်တကျစုစည်းပြီး လက်တွေ့လုပ်ငန်းခွင်များအတွက် အထောက်အပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရာသီအလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာများ ဆောင်ရွက်ထားရှိမှု၊ အစားအစာများ ထုတ်လုပ်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရန် ဆောင်ရွက်ခြင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် တောင်သူများ လိုက်နာကျင့်သုံးမှု၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် ဓာတုသွင်းအားစုများ စနစ်တကျသုံးစွဲနည်းစနစ်များကို တောင်သူများ လိုက်နာကျင့်သုံးမှု၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဈေးကွက်သို့မတင်ပို့မီ သီးနှံများကို ဓာတုဓာတ်ကြွင်း ပါဝင်မှု စစ်ဆေးခြင်းလုပ်ငန်းများ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် သီးနှံများ စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူ လက်ဝယ်ရောက်ရှိသည်အထိ ကွင်းဆက်အဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်မှူးနှင့် အဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း China-ASEAN Sub-Forum on NEV Industry Cooperation အခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ကျင်းပလျက်ရှိသော China– ASEAN Forum on Emerging Industry သို့ တက်ရောက်နေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Parallel Forum ဖြစ်သော China–ASEAN Sub–Forum on NEV Industry Cooperation အခမ်းအနားသို့ တက်ရောက်သည်။

ဆွေးနွေးပွဲ၌ တရုတ်–အာဆီယံ စက်မှုဝန်ကြီးများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို လိုက်ပါဆောင်ရွက်သွားခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွင် လိုအပ်သော ထွန်းသစ်စ စက်မှုလုပ်ငန်းများအတွက် အခြေခံကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ကားများတွင် လိုအပ်သော Charging Station များနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး အတွက် အသိပညာမျှဝေခြင်းများနှင့် လျှပ်စစ်ကားများ ထုတ်လုပ်ရောင်းချဖြန့်ဖြူးရာတွင်လည်း ကောင်းမွန်သော ဝန်ဆောင်မှုများပေး၍ ဆောင်ရွက်နေကြောင်းနှင့် လျှပ်စစ်ကားများအတွက် လက်ရှိစီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်နည်းပညာနှင့် ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြသည်။






အဆိုပါဖိုရမ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများ၏ လျှပ်စစ်အသုံးပြု မော်တော်ယာဉ်များ (EV)အတွက် နှစ်ရှည် စီမံချက်များ ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လျှပ်စစ်အသုံးပြုမော်တော်ယာဉ်များ တင်ပို့ရောင်းချမှုသည် ကမ္ဘာတွင် ပထမအဖြစ် ရပ်တည်နေမှုအခြေအနေ၊ Charging Station များ တည်ဆောက်မှုနှင့် Charging ဆောင်ရွက်မှု နည်းပညာရပ်များကို အကျယ်တဝင့် လေ့လာသိရှိခဲ့ရကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့ ကက်သလစ်ဘုရားကျောင်းဝင်းအတွင်း နန်ဆန်ယန်ဒေသမှ တိမ်းရှောင်လာသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဗန်းမော်သွားလမ်းပေါ်ရှိ နန်ဆန်ယန်ဒေသမှ ဝိုင်းမော်မြို့ RC ဘုရားကျောင်းနှင့် မိုင်းနား AG ဘုရားကျောင်းသို့ ခေတ္တတိမ်းရှောင်လာသော ဒေသခံပြည်သူများအား ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီက ဝိုင်းမော်မြို့ အမှတ် (၂)ရပ်ကွက်ရှိ RC ဘုရားကျောင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ခဲ့ကြသည်။

ထို့သို့ တိမ်းရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံထောက်ပံ့ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နန်ဆန်ယန်ဒေသမှ RC ဘုရားကျောင်းသို့ တိမ်းရှောင်လာသည့် အိမ်ထောင်စု ၆၉ စု၊ လူဦးရေ ၂၅၈ ဦး၊ မိုင်းနားကျေးရွာအုပ်စု AG Camp သို့ တိမ်းရှောင်လာသည့် အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၅၃ စု စုစုပေါင်း အိမ်ထောင်စု ၈၂ စု၊ လူဦးရေ ၃၁၀ တို့အား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိမ်းရှောင်မိသားစုများအတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဆန် ၈၂ အိတ်၊ ခေါက်ဆွဲခြောက် ၈၂ ဖာနှင့် ကြက်ဥအလုံး ၈၂၀ ကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က အိမ်ထောင်စုများအတွက် ဆေးစိမ်ခြင်ထောင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တိမ်းရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အားပေးစကားပြောကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မဒိန်ကျေးရွာအုပ်စု ခကွမ်ကျေးရွာအတွင်းရှိ လပြည့်ဝန်းလူမှုအသင်း(ခကွမ်)ရုံး ရောဝတီခန်းမဆောင်၌ ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံပြီး တောင်သူများအနေဖြင့် မိုးစပါးအထွက်တိုးတက်မြင့်မားရေး၊ မိုးစပါးအပြီး ဆောင်းသီးထပ်သီးနှံစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေးသွင်းအားစု လိုအပ်ချက်များ၊ ကုန်ထုတ်လမ်း၊ တံတားလိုအပ်ချက်၊ မြေဩဇာနှင့် နည်းပညာလိုအပ်ချက်များ၊ ဆောင်းသီးထပ်သီးနှံအတွက် စိုက်ပျိုးရေ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် မဒိန်ကျေးရွာအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုလယ်ယာ စနစ်ကျလယ်မြေကေ ၁၀၀ ဖော်ထုတ်ထားရှိသည့် စီမံကိန်းဧရိယာအတွင်း လယ်ယာမြေများပေါ်တွင် ကုန်ထုတ်လမ်း၊ ရေသွင်း/ရေထုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သဘာဝမြေဆီမြေနှစ်ပြည့်ဝရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပင်များ စိုက်ပျိုးထားရှိမှု၊ မိုးစပါးစိုက်ပျိုးနိုင်ရေး စပါးပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် သီးထပ်သီးနှံစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# သဘာဝဓာတ်မြေဩဇာစက်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းများရရှိရေး ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝဓာတ်မြေဩဇာများ အသုံးပြုနိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများအပါအဝင် သဘာဝဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းများရရှိနိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့မွေးမြူရေးဇုန်နှင့် ကံကြီးမွေးမြူရေးဇုန်များသို့ သွားရောက်ကာ နို့စားနွား၊ အသားစားနွား၊ ကြက်၊ ဝက်၊ ဆိတ် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ သဘာဝဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါစက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းဖြစ်သော တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ ရရှိရေးအတွက် ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ပြီးပါက ယခုမွေးမြူရေးဇုန်များမှ ကုန်ကြမ်းများ ဝယ်ယူသွားမည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းရှင်များအတွက် အကျိုးအမြတ်များ ရရှိလာနိုင်မည်ဖြစ်ပြီး စက်ရုံအတွက်ရော မွေးမြူရေးလုပ်ငန်းရှင်များပါ အကျိုးအမြတ်ရရှိနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဖြတ်ခွဲကျေးရွာရှိ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင် ဆီကြိတ်ခွဲစက်၏ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အသင်းအမှုဆောင်များက လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်မီသော စားသုံးဆီများ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရရှိရေး၊ လိုအပ်သည့်ကုန်ကြမ်းအား စဉ်ဆက်မပြတ်ရရှိရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် လယ်သာနှင့် ကျောက်စရစ်ကုန်းကျေးရွာအနီးရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်း၏ သဘာဝမြေဩဇာစက်ရုံ လည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက သဘာဝမြေဩဇာများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုရေးအတွက် သမဝါယမအသင်းများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လေးမျက်နှာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

လေးမျက်နှာ ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ကွင်းအမှတ်(၁၂၃)၊ ဦးပိုင်အမှတ်(၂၆) တောင်သူ ဦးငွေအောင်၏ လယ်မြေတွင် မိုးရာသီကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဟသ်ာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းက တက်ရောက်လာသူများအား KUBOTA ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် ယခုနှစ်မိုးရာသီတွင် လေးမျက်နှာမြို့နယ်အတွင်း မိုးစပါးနှစ်ဧက စိုက်ပျိုးခြင်းဖြစ်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ဧရိယာအနည်းငယ်သာလိုအပ်ခြင်း၊ သန်မာ၍ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသောစပါးခင်းအား စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း ရှင်းလင်းပြောကြားပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းအား ကြည့်ရှုအားပေးသည်။

မိုးရာသီ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့ လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲရင့်နောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစောဝင်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသောင်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအတွင်းရှိစိတ်ပါဝင်စားသူတောင်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ တောင်သူများအား မျိုးသန့်မျိုးစေ့နှင့် သွင်းအားစုပစ္စည်းများ ထောက်ပံ့



ကျိုက်မရော ဇူလိုင် ၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ခုနှစ် မျိုးစေ့ထုတ်တောင်သူများအား မျိုးသန့်မျိုးစေ့အဆင့်(R.S)မျိုးစပါးနှင့်သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးစိန်ဝေက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှတင်မောင်က မျိုးသန့်မျိုးစေ့အဆင့် သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ထုတ်(SGA)တောင်သူများအား မျိုးသန့်မျိုးစေ့(R.S)နှင့် သွင်းအားစုဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနှင့် စိုက်ပျိုးစရိတ်များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး မျိုးစေ့ထုတ်တောင်သူများအား စပါးသီးနှံမျိုးစေ့ ဆားရည်စိမ်၍ မျိုးရွေးချယ်ခြင်း ကွင်းသရုပ်ပြခြင်းကို မွန်ပြည်နယ် မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူတန်က လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ အခြေခံသမဝါယမအသင်း ၁၂ သင်းအား သဘာဝမြေဩဇာအိတ်များပေးအပ်



ပြင်ဦးလွင် ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ကျအဖွဲ့များ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက သမဝါယမအသင်းသား ၁၅၆ ဦး၏ မိုးစပါးစိုက်ဧက ၃၃၄ ဧကအတွက် ငွေကျပ် ၆၆၈ သိန်းနှင့်ညီမျှသော စမ်းဝတီသဘာဝမြေဩဇာ ၃၃၄ အိတ်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကလောမြို့၌ ရေနုတ်မြောင်းအတွင်း ရွှံ့၊ နုန်းများဆယ်ယူခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်



ကလော ဇူလိုင် ၅

ကလောမြို့မဈေးအတွင်း မိုးရာသီရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ဈေးရောင်းဈေးဝယ်ပြည်သူများ ဈေးအတွင်း သွားလာရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ရေနုတ်မြောင်းများအတွင်းမှ ရွှံ့၊ နုန်းများ ဆယ်ယူရှင်းလင်းပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင် ၂ ရက်တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။

# စာပေမီးရှူးတန်ဆောင် ဆရာတော်အရှင်မဟာရဋ္ဌသာရ

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

မြန်မာစာပေသမိုင်းကိုကြည့်ပါက ပုဂံခေတ် (၁၀၄၄-၁၃၆၈)သည် မြန်မာစာ စတင်ပေါ်ပေါက်လာချိန်ဖြစ်သည်။ ယင်းနောက် မြန်မာစာပေ တဖြည်းဖြည်း ထွန်းကားလာရာမှ အင်းဝခေတ် (အေဒီ ၁၃၆၄-၁၅၃၈) ရောက်သောအခါ ပညာရှင်တို့က စာပေအထွန်းကားဆုံးခေတ်ဟု ဆိုကြသည်။ ထိုမျှမက စာပေအဆင့်အတန်း အလွန်မြင့်မားသောခေတ်ဟု ဂုဏ်ပြုခဲ့ကြသည်။ အင်းဝခေတ်တွင် ကဗျာ၊ လင်္ကာစာပေအမျိုးမျိုး ထွန်းကားခဲ့သည့်အနက် ပျို့နှင့် မော်ကွန်းစာပေတံခွန် လွှင့်ထူနိုင်ခဲ့ပေသည်။ စာပေ၏အရည်အသွေးဟု ယနေ့တိုင် ပြိုင်ဘက်ကင်း၍ အထူးလေးစားခြင်း ခံရခြင်းကြောင့် မြန်မာစာပေသမိုင်း၏ ရွှေခေတ်ပင်ဖြစ်သည်ဟု တင်စားခဲ့ကြသည်။

**ထင်ရှားကျော်ကြားသော စာဆိုရဟန်းတော် (၈)ပါး**

အင်းဝခေတ် စာဆိုပညာရှင်တို့ကို လေ့လာကြည့်သော် ထင်ရှားကျော်ကြားသော စာဆိုရဟန်းတော် (၈)ပါးကို တွေ့မြင်နိုင်ပေသည်။ ထိုဆရာတော်ကြီးများမှာ-

(၁) ကန်တော်မင်းကျောင်းဆရာတော်၊
(၂) ရှင်ခေမာ၊
(၃) ရှင်တေဇောသာရ၊
(၄) ရှင်မဟာရဋ္ဌသာရ၊
(၅) ရှင်မဟာသီလဝံသ၊
(၆) ရှင်အဂ္ဂသမာဓိ၊
(၇) ရှင်အုန်းညို၊
(၈) ရှင်ဥတ္တမကျော် တို့ဖြစ်ကြသည်။

အဆိုပါဆရာတော်ကြီးများသည် ဗုဒ္ဓသာသနာတော်ကြီး ပိုမိုစည်ပင်ပွင့်လင်းလာစေရေးအတွက် ခေတ်စမ်းစာပေများဖြစ်ကြသော စာပေလင်္ကာများ၊ ပျို့ကဗျာများကို တရားလက်နက်အဖြစ် အသုံးပြုလျက် ပြည်သူတို့ကို ဟောပြောဆုံးမခဲ့ကြသည်။ ဗုဒ္ဓသာသနာတော်ကို မြှင့်တင်ရန် ကြိုးပမ်းခဲ့ကြသည်။ ထို့ပြင် လူငယ်လူရွယ်များကို ကဗျာ၊ လင်္ကာများဖြင့် ဆိုဆုံးမရာတွင် ပိုမိုထိရောက်သည်သာမက အာဂုံဆောင်ရသောခေတ်၌ ပျို့၊ လင်္ကာများဖြင့် နှုတ်တက်ဆောင်ကြရသည်မှာ ပိုမိုထိရောက်လေသည်။ ဤသည်မှာ ပျို့၊ ကဗျာ၊ လင်္ကာများ သီကုံးလျက် ခေတ်ကို စမ်းကြည့်ကြသော ခေတ်စမ်းစာပေသမားတို့၏ ကြိုးပမ်းချက်အစဟု ဆိုရချေမည်။ အကြောင်းမှာ ထိုမှစ၍ ယနေ့ထိတိုင် ပျို့၊ ကဗျာ၊ လင်္ကာများဖြင့် ရေးဖွဲ့လာသောကြောင့်ပင်ဖြစ်သည်။ အချို့သောအရှင်ထေရ်မြတ်တို့က ပျို့၊ ကဗျာ၊ လင်္ကာများသည် ဂီတနှင့်နွှယ်သောကြောင့် ရဟန်း




တို့နှင့် လားလားမျှမအပ်စပ်၊ သာချင်းသည် (သီချင်းသည်) တို့အလုပ်သာဖြစ်၍ ရှောင်ကြဉ်ရမည်ဟူ၍လည်းကောင်း၊ ထို့ပြင် စာကြောင်းတို့သည် ကံ၊ ကတ္တား အပြည့်အစုံမပါသည့်အတွက် မလိုလားအပ်ဟူ၍လည်းကောင်း ကဲ့ရဲ့ရှုတ်ချပြစ်တင်ခြင်းကို ပျို့စာဆိုအရှင်ထေရ်မြတ်တို့ ခံခဲ့ကြရကြောင်း ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ ပျို့တစ်စောင်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ဤတွင် ဆရာတော် ရှင်မဟာရဋ္ဌသာရက-

"သာကြည့်ရှင်လန်း၊ ကဗျာညွန်းသော်၊ ရဟန်းသူတော်၊ ခပ်မလျော်ဟု၊ သိမြော်ကျမ်းဂန်၊ ငါ့နောက်ကျန်သည်၊ နှုတ်လွန်သူများ၊ အပါယ်လားလိမ့်၊ ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမယောက်ျား၊ လူ့စကားဖြင့်၊ မကြားစကောင်း၊ မဆိုတောင်းကို၊ အကြောင်းဆောင်သွေး၊ ဆိုတုံတေးရှင့်၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏။ ဆိုစမျှားလျှား၊ ထားပချေဘိ၊ ငါ့ဝန်ရှိခဲ့၊"ဟု ဘူရိဒတ်ဇာတ်ပေါင်းတွင် ပြန်လည်ချေပလျက် စာပေတိုက်ပွဲဝင်ခဲ့သည်ကို တွေ့ရသည်။

**ခေတ်စမ်းစာပေရှေ့မှ ရပ်တည်လာခဲ့**

ထို့ပြင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာတော်ရှင်မဟာရဋ္ဌသာရ ဦးဆောင်ခဲ့သည့် အထောက်အထားပင်ဖြစ်သည်။ တောက်မည့်မီး တရဲရဲကဲ့သို့ ဆရာတော်သည် ဘဝတစ်လျှောက်လုံး ပြတ်ပြတ်သားသား၊ ပြောရဲဆိုရဲသတ္တိခဲဖြင့် ခေတ်စမ်းစာပေရှေ့မှ ရပ်တည်လာခဲ့သည်။ အကယ်၍ ရှင်မဟာရဋ္ဌသာရကဲ့သို့သော စာပေသူရဲကောင်းများကတီထွင်ခဲ့သည့် ခေတ်စမ်းစာပေရှေ့မှ မားမားမတ်မတ် မရပ်တည်နိုင်ခဲ့ပါက ယနေ့အချိန်တွင် ပျို့၊ ကဗျာ၊ လင်္ကာများကို တွေ့ရမည်မဟုတ်တော့ချေ။ ဆရာတော်များ၏ စာပေကျေးဇူး အထူးကြီးမားလှချေသည်။ ထို့ကြောင့် ခေတ်စမ်းစာပေအစ အင်းဝခေတ်ဆရာတော်ကြီးများကဟု ဆိုရချေမည်။ ဤမှစ၍ အင်းဝခေတ်စာပေရွှေခေတ်ကို ဦးဆောင်သူများထဲတွင် ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ အခန်းကဏ္ဍ အစပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ဆရာတော် ရှင်မဟာရဋ္ဌသာရသည် ငယ်ရွယ်စဉ်အခါကပင် ငယ်မည်မှာ မောင်မောက်ဟု ဆိုသည့်အတိုင်း ပညာအရာတွင် ယှဉ်လာသူတို့ထက် ကဲမောက်သောသတ္တိထူးဖြင့် ပြည့်ဝသည့်အပြင် သူတစ်ပါးတို့ထက် ထူးကဲသောဂုဏ်၊ ထူးကဲသော ဉာဏ်ရည်နှင့် ပြည့်စုံသည်ကို တွေ့ရသည်။ ဤသည်ကို ဆရာတော် (၁၀) နှစ်သားအရွယ်ကပင် ဖခင်ဖြစ်သူ ဓမ္မပါလအမတ်နှင့်အတူ နန်းတော်တွင်းသို့ ဝင်ရောက်ခစားရာတွင် ဘုရင့်သမီးတော်သုံးပါး နားသမင်္ဂလာအတွက် သုတိသြဘာမင်္ဂလာရှိသော ပျို့ကဗျာများကို ဖခင်ကိုယ်စား စပ်ဆိုခဲ့ခြင်းအား ကြည့်ခြင်းအားဖြင့် သိသာနိုင်ပေသည်။ ပါရမီရှင်လောင်းလျာဟု ငယ်စဉ်အခါကပင် ပြသနိုင်ခဲ့ပေသည်။

**တောင့်တဲတွန့်ရတု**

ဆရာတော်သည် လူဝတ်ဘဝနှင့်ပင် အသက် (၁၂) နှစ်အရွယ် အေဒီ ၁၄၈၀ ပြည့်နှစ်တွင် ဒုတိယမင်းခေါင် ရွှေနန်းတက်ဘိသိက်မင်္ဂလာခံယူစဉ် ရွှေနန်းတက်မင်္ဂလာကို ရတ်ခြည်းစပ်ဆိုလျှောက်တင်ခဲ့ခြင်း၊ ယင်းနှစ်တွင်ပင် ဘုရင်မင်းခေါင်၏ ကောင်းမှုတော် အင်းဝတန်တားဦးတည် မင်္ဂလာစေတီတော်မော်ကွန်းကို ဖွဲ့ဆိုခဲ့ခြင်းတို့ဖြင့် ပညာဉာဏ်ကြီးမားမှုကို ဖော်ပြနေသကဲ့သို့ ရှိပေသည်။ အသက် (၁၄) နှစ်အရွယ် လူငယ်တို့ဘာဝအတိုင်း 'ဝဏ္ဏပဘာ' အမည်ရှိ မိန်းကလေးနှင့် မေတ္တာရည်မျှခဲ့သည့်အကြောင်းကို စာဖွဲ့ခဲ့သော 'တောင့်တဲတွန့်ရတု'မှာ ထင်ရှားလှပေသည်။


အသက် (၁၆) နှစ် အရွယ်ရောက်သောအခါ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး ဘွဲ့တော်မှာ ရှင်ရဋ္ဌသာရဖြစ်လေသည်။ ယင်းနှစ်တွင်ပင် ဘူရိဒတ်လင်္ကာကြီးကို သီကုံးဖွဲ့ဆိုနိုင်ခဲ့သည်။ ထိုမှစ၍ လူအမည်မောင်မောက်အစား နောင်တွင် မြန်မာစာပေလောက၌ ရှင်မဟာရဋ္ဌသာရဟူသော ရဟန်းဘွဲ့ဖြင့် ကျော်ကြားထင်ရှားလှပြီး နောင်းလူတို့ စံထားရသည့် စာဆိုရှင် ဖြစ်လာလေတော့သည်။

သက်တော် (၂၀) သို့ ရောက်တော်မူသောအခါ ရဟန်းဘောင်သို့ တက်လှမ်းခဲ့သည်။ ထို့နောက် 'နှမလက်လျှော့နေလေတော့' ပိုဒ်စုံရတုကို ရေးသားခဲ့ရာ စာပေလောကတွင် အထူးထင်ရှားပေသည်။ သက်တော် (၂၆) နှစ်တွင် ဘူရိဒတ်ဇာတ်ပေါင်းပျို့ကို စီကုံးခဲ့သည်။ သက်တော် (၂၈) နှစ်တွင် တန်တားဦးတည်မော်ကွန်းကို ရေးသားခဲ့သည်။ သက်တော် (၃၇) နှစ်တွင် ပုံတောင်နိုင်မော်ကွန်းကို စီကုံးခဲ့သည်။ ထို့နောက် ဘုရင်နရပတိ ဆောက်လုပ်လှူဒါန်းသော ဝတ်ရုံတော်ဘုရားအနီး တဲကျောင်းကို ချီးမြှင့်သည့် ဝတ်ရုံကျောင်းဘွဲ့မော်ကွန်းကို သီကုံးခဲ့သည်။ သက်တော် (၅၅) နှစ်တွင် အထင်ရှားဆုံးဖြစ်သော အမည်သုံးမျိုးဖြင့် ကျော်ကြားခဲ့သည့် ဟတ္ထိပါလပျို့၊ စတုဓမ္မသာရပျို့၊ ကိုးခန်းပျို့ကို ဖွဲ့ဆိုခဲ့သည်။ ယင်းကိုးခန်းပျို့နိဂုံးတွင် ကြည့်ပါက ဆရာတော်သည် မွန်-မြန်မာ-ရှမ်း သုံးမျိုး၏ ရာဇသွေးပါသောသူဖြစ်သည်။ ဖခင်မှာ မွန်ဘုရင်မကြီး ရှင်စောပု၏ တူ-သမက် ဗညားအိမ်၏မြေးတော် ဓမ္မပါလအမတ်ကြီးဖြစ်သည်။ မိခင်ဖြစ်သူမှာ သတိုးမင်းဖျား၏သမီး စောနန်း၏မြစ်တော်ဖြစ်သည်ဟု တွေ့ရမည်ဖြစ်သည်။ အဆိုပါ ကိုးခန်းပျို့ကို ကျေလည်လျှင် ကဗျာ၊ လင်္ကာကို ကောင်းစွာစီကုံးနိုင်သည်ဟု မြန်မာစာပေပညာရှင်များက ဆိုရသည်အထိ အရှိန်အဝါကြီးမားလှပေသည်။ သက်တော် (၆၁) နှစ်တွင် ပြည်ဘုရင်ထွေးအား ဆုံးမလိုသည့်စေတနာဖြင့် သံဝရပျို့ကို ရေးသားဖွဲ့ဆိုတော်မူသည်။ ထိုထင်ရှားကျော်ကြားလှသော ပျို့၊ ကဗျာ၊ လင်္ကာများသာမက အခြားသော ပျို့၊ ကဗျာ၊ လင်္ကာများလည်း များစွာရှိသေးပေသည်။ ဆရာတော်ရေးသားခဲ့သော စာပေအမျိုးအစားများကိုကြည့်လျှင် ရတု၊ ပျို့၊ မော်ကွန်း၊ လင်္ကာ၊ မေတ္တာစာနှင့် တောလားများဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ ဆရာတော်၏ သီကုံးစပ်ဆိုဖွဲ့ဆိုသည့် စာပေဉာဏ်ရည်ဉာဏ်သွေးကို စာပေသမား များက နှစ်သက်မြတ်နိုးကြည်ညိုကြသဖြင့် ဘွဲ့အမည်တွင် မဟာတပ်၍ ရှင်မဟာရဋ္ဌသာရဟု ခေါ်ဆိုခဲ့သည်။ ထို့ကြောင့် ဆရာတော်၏ဘွဲ့အမည်ကို ကြည့်ပါက လူဝတ်ဘဝတွင် မောင်မောက်၊ ရဟန်းဘဝတွင် ရှင်ရဋ္ဌသာရ၊ ရဟန်းဘဝ ခေတ်စမ်းစာပေဦးဆောင်သူအဖြစ် ရှင်မဟာရဋ္ဌသာရဟူ၍ တွေ့မြင်ရမည်ဖြစ်ပေသည်။

အင်းဝခေတ်စာဆိုတော်များအနက် ဆရာတော် ရှင်မဟာရဋ္ဌသာရသည် စာပေအရှိန်အဝါ အကြီးဆုံးဖြစ်သည်။ ဆရာတော် ရှင်မဟာရဋ္ဌသာရထက် သက်တော်ဝါတော်ကြီးကြသော ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုတို့ ရှိကြသော်လည်း ကဗျာလင်္ကာအဆိုအဖွဲ့တွင်မူ ရှင်မဟာရဋ္ဌသာရထက် စောသည့် အထောက်အထားကို မတွေ့ရသေးချေ။ ရှင်မဟာရဋ္ဌသာရ၏စာပေများတွင် လောကရေးရာဆိုင်ရာများ၊ ရာဇရေးရာဆိုင်ရာများ၊ ဓမ္မရေးရာဆိုင်ရာများ သုံးမျိုးစလုံးပါဝင်နေသည်ကို တွေ့ရပေသည်။

**စာမျက်နှာ ၁၁ သို့ ✣**









✣ စာမျက်နှာ ၁၀ မှ

### ပညာရှင်တို့၏နှုတ်ဖျားတွင် ရေပန်းစားခဲ့

ထို့ပြင် ဆရာတော်၏စာပေဉာဏ်ရည်ဉာဏ်သွေးများကို အင်းဝခေတ်နှောင်းတွင် ရှင်တေဇောသာရနှင့် ရှင်ဣန္ဒဂုတ္တ စသည်တို့ကလည်းကောင်း၊ တောင်ငူခေတ်နဝဒေး၊ နတ်ရှင်နောင်တို့ကလည်းကောင်း၊ ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာကလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် စိန္တကျော်သူဦးဩ၊ မင်းလက်ဝဲသုန္ဒရ၊ မြဝတီမင်းကြီး ဦးစ စသည်တို့ကလည်းကောင်း ကြည်ညိုလေးစားရုံသာမက စာပေအမွေကိုလည်း ရယူသုံးစွဲခဲ့ကြသည်အထိ စာပေအရှိန်အဝါကြီးမားလှသည်ကို တွေ့ရသည်။ ဤသည်ကို ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ၏ ယိုးဒယားသံရောက်ပျို့တွင်လည်းကောင်း၊ ကုန်းဘောင်ခေတ် စိန္တကျော်သူဦးဩ၏ ပဟိဏ္ဏကစာစုတွင်လည်းကောင်း၊ ရကန်ဆရာကြီး ဦးတိုး၏ ရာမရကန်တွင်လည်းကောင်း အထင်အရှား တွေ့နိုင်ပေသည်။ ထို့နောက် ဆရာတော်တို့၏ပျို့၊ ကဗျာများသည် ခေတ်အဆက်ဆက်၌ ပညာရှင်တို့၏နှုတ်ဖျားတွင် ရေပန်းစားခဲ့သည်။ ကျောင်းကန်ဘုရား၊ အလှူမဏ္ဍပ်အစရှိသည်တို့၌ တရားစကား၊ စာပေစကား ဆွေးနွေးကြရာတွင် အဆိုပါပျို့ကဗျာများကို အကိုးအကားပြုပြောဆိုလေ့ရှိကြသည်။ အနုစာပေသမားတို့ကလည်း သတ်ပုံသတ်ညွှန်းနှင့် အလင်္ကာနည်းတို့တွင် အားကိုးအားထားပြုခဲ့ကြရသည်။ ယင်းသို့ ဆရာတော်၏စာပေအရှိန်အဝါကြီးမားရခြင်းမှာ စာဆိုဂုဏ်မြောက်မှုသက်သက်မျှသာမကဘဲ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ်ဦးဆောင်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

ထို့ပြင် အင်းဝခေတ် ကျော်ကြားထင်ရှားသောဆရာတော်များအနက် ရှင်မဟာသီလဝံသ၏ ‘တိလောကဟု’ချီ ဆုံးမစာနှင့် ရှင်မဟာရဋ္ဌသာရ၏ ‘လက်သစ်တောင်ချီ’ ဆုံးမစာတို့သည် မြန်မာ့စာပေ ပညာတိုးတက်မှု၏ မူဝါဒများပင်ဖြစ်သည်ကို တွေ့ရသည်။ ရှင်မဟာရဋ္ဌသာရ၏ ‘လက်သစ်တောင်ချီ’ ဆုံးမစာတွင်

စာပေသင်ကြားရေးဆိုင်ရာ
စီးပွားရေးလုပ်ငန်းဆိုင်ရာ
လူမှုဆက်ဆံရေးဆိုင်ရာ
ကိုယ်ကျင့်သိက္ခာဆိုင်ရာတို့အား အလေးထားဆုံးမထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဆရာတော်၏ အခြေခံသင်ကြားမှုသည် ငါးပါးသီလထိန်းသိမ်းနိုင်ရေးကို ရှေးရှုထားသည်။ ထိုမှ လူမှုရေးရာများကို ဆုံးမခြင်းဖြစ်သည်။ အားလုံး၏ အချုပ်သည် ပညာရေးအသိရှိမှုဟု ဆရာတော်သိနားလည်သည်။ ဤသည်ကို ဆရာတော်ရေးဖွဲ့ခဲ့သော–

**“ပညာတတ်ခြင်း၊ ပညာမတတ်ခြင်းတို့၏ ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း ဆရာတော်၏ ကိုးခန်းပျို့တွင် လေ့လာတွေ့ရှိနိုင်ပေသည်။ ပညာမဲ့ခြင်းသည် ၎င်းတစ်ဦးတည်းအတွက်သာ ဒုက္ခရောက်စေသည်မဟုတ်၊ ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းကိုပါ ထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံတကာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး စာပေပညာတတ်မြောက်ရေး အထူးအလေးထားလုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ လူမှုအဖွဲ့အစည်းတွင် ပညာ၏အရေးပါမှုကို ဆရာတော်က ထိုစဉ်ကပင် သိရှိနားလည်ပြီး ပညာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံကျသော အုတ်မြစ်ပင်ဖြစ်ကြောင်း ကောင်းစွာသိရှိနားလည်”**

“သု–စိ–ပု–ဘာ၊ ဝိ–လိ–သိ–ခါ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မှရွရွ၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊ အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စောဘဲ၊ တီမှာလွဲအံ့၊ အရဲကြိုးကုတ်၊ ကြက်ရဲသုတ်သို့၊ အားထုတ်ခုံမင်၊ မသင်မအံ၊ မကြံမမေး၊ ဆွေးနွေးရောနှော၊ ဟောပြောမဲ့ထွေ၊ ပေချပ်ရေဖြင့်၊ ကုန်စေဆန်းသာ၊ သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊ ကျော်စောထင်ချိမ့်၊ ဏာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွ၊ ထားချေမှတည့်၊ တစပေါ်လျှင်၊ ချည်စင်သို့၊ သဘင်ပွဲမှောက်၊ ဆိုရေးရောက်က၊ လန့်ကြောက်မရှိ၊ သတိမြဲခိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရွံ့ရှာမဲ့လျှင်း၊ ဆိုခင်းနည်းနာ၊ အဖြာဖြာကို၊ မကြာနှုတ်လျှောက်၊ ခန့်ချင့်ထောက်လော့၊ အံ့လောက်ဖွယ်သာ၊ ဂါထာပါဌ်သား၊ စကားဝိုက်လည်၊ စဉ်ရှည်ရေးတီး၊ စကားကြီးက၊ စသည်ထိုထို၊ ဝိဂြိုဟ်ဝစနတ်၊ ခါတ်ရပစ္စည်း၊ ထုံးနည်းပမာ၊ ဂါထာဆန်းဂိုဏ်း၊ ကရိုဏ်း၌ာန်စစ်၊ ဖွင့်လှစ်ဋီကာ၊ အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍၊ ကဝိလက္ခဏာ၊ အဖြာဖြာကို၊ သေချာဆည်းဆ၊ ဆိုဝံ့ကလျှင်၊ ဘဝဤတွင်၊ ခုမျက်မြင်လည်း၊ မထင်ဘယ်မှာ၊ ရှိဘိရာအံ့၊ သံသရာလည်း၊ ပမာကဲလွန်၊ အဆုံးစွန်မူ၊ ညီမွန်တုလွတ်၊ သုံးလူ့နတ်ဝယ်၊ အကျွတ်ဘယ်မှာ ဝေးတော့မည်။” ဆုံးမစာလင်္ကာဖြင့် ပညာတတ်ခြင်း၏အကျိုးကျေးဇူးကို တွေ့ရပေသည်။

ထိုမျှမက ပညာရှင်ဖြစ်မြောက်ရေးလမ်းကိုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ အထက်တန်းကျသောပညာရေးကို တွေ့မြင်နိုင်ပြီး အတွေးအခေါ်အမြော်အမြင်ကိုလည်း အလေးထားကြောင်း အောက်ပါ အချက်ရှစ်ချက်က သက်သေပြနေပေသည်–

| | | | |
|---|---|---|---|
| (၁) | သုဏေယျ | – | ကြားနာရမည် |
| (၂) | စိန္တေယျ | – | ကြံစည်ရမည် |
| (၃) | ပုစ္ဆေယျ | – | မေးမြန်းရမည် |
| (၄) | ဘာသေယျ | – | ပြောဆိုရမည် |
| (၅) | ဝိစာရေယျ | – | စူးစမ်းရမည် |
| (၆) | လိခေယျ | – | ရေးသားရမည် |
| (၇) | သိက္ခေယျ | – | သင်ကြားရမည် |
| (၈) | ဓာရေယျ | – | နှုတ်ဂုံဆောင်ရမည် |

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဆရာတော်က ပညာသင်ကြားတတ်မြောက်ရန် အထူးအလေးထားကြောင်း တွေ့မြင်နိုင်ပေသည်။ ထိုသို့ ဆရာတော်၏ ဖော်ပြပါရှစ်ချက်ကို လိုက်နာကျင့်သုံးပါက ပညာရဲရင့် ပွဲလယ်တင့်မည်မှာ ဧကန်မုချပင်ဖြစ်ပေသည်။

### နိဗ္ဗာန်ထိတိုင် တက်လှမ်းနိုင်

လေးနက်လှသော ဗုဒ္ဓတရားတော်များသည် မတွေးခေါ်မကြံစည်ဘဲ အဓိပ္ပာယ်မထွက်နိုင်သော အလွန်အဆင့်မြင့်သည့် အတွေးအခေါ်ပညာရပ်ဖြစ်သည်။ ဖော်ပြပါရှစ်ချက်တို့ကို လိုက်နာကျင့်သုံးပါမှ နားလည်နိုင်သောပညာရပ်ဖြစ်ပြီး ထိုအတိုင်းလုပ်ဆောင်သွားလျှင် နိဗ္ဗာန်ထိတိုင် တက်လှမ်းနိုင်ကြောင်း ညွှန်ပြထားပေသည်။

ပညာတတ်ခြင်း၊ ပညာမတတ်ခြင်းတို့၏ ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း ဆရာတော်၏ ကိုးခန်းပျို့တွင် လေ့လာတွေ့ရှိနိုင်ပေသည်။ ပညာမဲ့ခြင်းသည် ၎င်းတစ်ဦးတည်းအတွက်သာ ဒုက္ခရောက်စေသည်မဟုတ်၊ ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းကိုပါ ထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံတကာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး စာပေပညာတတ်မြောက်ရေး အထူးအလေးထား လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ လူမှုအဖွဲ့အစည်းတွင် ပညာ၏အရေးပါမှုကို ဆရာတော်က ထိုစဉ်ကပင် သိရှိနားလည်ပြီး ပညာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံကျသော အုတ်မြစ်ပင်ဖြစ်ကြောင်း ကောင်းစွာသိရှိနားလည်ကြောင်း သိသာပေသည်။

ထိုသို့ ဆရာတော်သည် ၎င်း၏ဘဝတစ်လျှောက်လုံး စာပေပညာဖြင့် လူအများအလွယ်တကူနားလည်လက်ခံအောင် ပျို့၊ ကဗျာ၊ လင်္ကာများကို ဆန်းသစ်ခဲ့သည်။ နှောင်းလူတို့ အတုယူမှီခိုရာဖြစ်ခဲ့သည်။ ထိုမျှမက လူမှုအဖွဲ့အစည်းကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် နည်းပေးလမ်းပြလုပ်ခဲ့ပြီး ယနေ့တိုင် ခေတ်မီနေဆဲဖြစ်ကာ ပညာရှာမှီးသူတို့ လိုက်နာကျင့်သုံးနေရခြင်းဖြစ်သည်။ ဆရာတော်သည် ၁၄၆၈ ခုနှစ်တွင် မွေးဖွားလာခဲ့ပြီး သက်တော် (၆၂) နှစ်၊ ဝါတော် (၄၂) ဝါ သို့ရောက်သည့် ၁၅၃၀ ပြည့်နှစ်တွင် လေရောဂါဖြင့် ပြည်၌ ပျံလွန်တော်မူလေသည်။ ယခုအခါ ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်မှာ နှစ်ပေါင်း (၅၅၅) နှစ်တိုင်သွားခဲ့သော်လည်း ဆရာတော်ကြီး၏ စာပေများမှာမူ ယနေ့ထိတိုင် ထွန်းလင်းတောက်ပလျက်ရှိပြီး လောကအကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိနေသည့်အတွက် ဆရာတော်ကြီးအား ကြည်ညိုဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးဖြင့် ပူဇော်လိုက်ရပါသည်။ ။

#### မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

ကလောင်စုံ၊ **ရှင်မဟာရဋ္ဌသာရ၊** ဒုတိယအကြိမ်၊ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၂၀၁၇

စိန်လွင်လေး၊ ကထိက၊ ဝိဇ္ဇာဂုဏ်ထူး၊ “ရှင်မဟာရဋ္ဌသာရ”၊ **ရှင်မဟာရဋ္ဌသာရအကျော် အနှစ်ငါးရာမြောက်အထိမ်းအမှတ်၊** ရန်ကုန်၊ စည်ပင်သာယာပုံနှိပ်တိုက်၊ ၁၉၆၇

ဆရာမာဃ၊ **အင်းဝခေတ် စာပေသူရဲကောင်း၊** ရန်ကုန်၊ မာဃစာပေ၊ ၁၉၇၀

တိုးလှ၊ ဒေါက်တာ၊ **စာပေမှတ်တမ်းများက ပြောသော မြန်မာ့သမိုင်း၊** ရန်ကုန်၊ နဝရတ်ပုံနှိပ်တိုက်၊ ၂၀၀၉

တိုးလှ၊ ဒေါက်တာ၊ **မြန်မာ့ကျင့်ဝတ်သိက္ခာနှင့် လူမှုတန်ဖိုး၊** ရန်ကုန်၊ နဝရတ်ပုံနှိပ်တိုက်၊ ၂၀၀၅

ထန်လှိုင်၊ **ပင်းယ အင်းဝခေတ် မြန်မာစာပေ၊** ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၂၀၀၆

ဒဂုန်နတ်ရှင်၊ **မြန်မာစာပြုစာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်၊** ရန်ကုန်၊ ယောဂီပုံနှိပ်တိုက်၊ ၁၉၉၅

## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ပျဉ်းမနား ဇူလိုင် ၅

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် ငှားရမ်းပေးကြသည်။



ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် နယ်လှည့်ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များပြသခြင်း၊ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူကလေးငယ်များအား ပုံပြင်ပြောပြခြင်း၊ ကလေးစာပေများ ဝိုင်းဖွဲ့ဖတ်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ပြည်သူများ လက်ဝယ်အရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီးတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

ပုသိမ် ဇူလိုင် ၅

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဧရာဝတီတိုင်းဒေသကြီး၌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧရာရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အတွင်းရေးမှူး ဦးအောင်မျိုးသန့်က အဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် အမှာစကားပြောကြားပြီး တိုင်းသာသနာရေးမှူး ဦးဇော်ဝင်းက ဆက်လက်ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးမှ တက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြား၍ လိုအပ်သည်များကို မေးမြန်းရာ ဗဟိုအတွင်းရေးမှူး ဦးအောင်မျိုးသန့်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

# ရသေ့တောင်မြို့နှင့် ပေါက်တောမြို့တို့အား ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးထားပြီဖြစ်

## သတင်းထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇူလိုင်လ ၅ ရက်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့အား (၇.၆.၂၀၂၃)ရက်၊ (၁၈.၆.၂၀၂၃)ရက်နှင့် (၂၃.၆.၂၀၂၃)ရက်နေ့စသည့်ရက်အသီးသီးတို့တွင် ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဆက်လက်၍ ကျန်ရှိနေသောမြို့များနှင့် ကျေးရွာများအား ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်းနှင့် ၃၃ကေဗွီ မင်းပြား-ပေါက်တောဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါသဖြင့် (၅.၇.၂၀၂၃) ရက်နေ့၊ (၁၄:၂၅) နာရီအချိန်တွင် ရသေ့တောင်မြို့ရှိ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၃) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ ၂၀ လုံးဖြင့် ရသေ့တောင် မြို့ပေါ်ရပ်ကွက် (၄) ရပ်ကွက်နှင့် ကျေးရွာတစ်ရွာရှိ မီးသုံးသူ (၂၀၉၇)ဦးတို့အားလည်းကောင်း၊ ပေါက်တောမြို့ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ပေါက်တောဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ ( ၂ ) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ ၂၂ လုံးဖြင့် ပေါက်တောမြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ရှိ မီးသုံးသူ ၂၂၄၈ ဦးတို့အားလည်းကောင်း ဓာတ်အားစနစ်မှ အသီးသီး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးထားပြီး ဖြစ်ပါသည်။

ယခုအခါ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း ၊ ဓာတ်အားခွဲရုံနှင့်ဆက်စပ်ပစ္စည်းများ ပျက်စီးသွားသည့် မြို့နယ်(၁၀)မြို့နယ်အနက် ရှစ်မြို့နယ်အား ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်မြို့နယ်နှစ်မြို့နယ်အား အမြန်ဆုံးဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။



ရသေ့တောင်မြို့၌ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးထားသည်ကို တွေ့ရစဉ်။




ပေါက်တောမြို့၌ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးထားသည်ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေတက္ကသိုလ်ပြန်လည်ပြုပြင်နေမှုနှင့် ပြုပြင်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၅**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေတက္ကသိုလ်၌ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်၊ စာသင်ခန်း၊ ကျောင်းသားအိပ်ဆောင်များ ပြန်လည်ပြုပြင်နေမှုနှင့် ပြုပြင်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းပြသ**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးများနှင့် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်တို့က တက္ကသိုလ်အတွင်း စာသင်ဆောင်များ ပြုပြင်ပြီးစီးမှု၊ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာသင်ကြားနိုင်ရန် စာသင်ခုံများ အသစ်လဲလှယ်မှုနှင့် မွမ်းမံပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ဝေသာလီဆောင်(ကျောင်းသားဆောင်) ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်တို့က တက္ကသိုလ်



အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ရခိုင်ပြည်နယ် စက်သုံးဆီလုပ်ငန်းရှင်များက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၁၀ ကိုလက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါအစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ကို ဇွန် ၇ ရက်၊ ၁၈ ရက်နှင့် ၂၃ ရက်တို့တွင် ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

**ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီ**

ဆက်လက်၍ ဇူလိုင် ၅ ရက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ မင်းပြား-ပေါက်တောဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် မွန်းလွဲပိုင်းတွင် ရသေ့တောင်မြို့ရှိ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ၏ ၁၁ကေဗွီ ဖီဒါ (၃) ဖီဒါမှ ၁၁/သုည ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ အလုံး ၂၀ ဖြင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာတစ်ရွာရှိလျှပ်စစ်မီး သုံးစွဲသူ ၂၀၉၇ ဦးနှင့် ညနေပိုင်းတွင် ပေါက်တောမြို့ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ပေါက်တော ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ ( ၂ ) ဖီဒါမှ ၁၁/သုည ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ ၂၂ လုံးဖြင့် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိ လျှပ်စစ်မီးသုံးစွဲသူ ၂၂၄၈ ဦးတို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများအတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့်ဆက်စပ်ပစ္စည်းများ ပျက်စီးခဲ့သည့် မြို့နယ် ၁၀ မြို့နယ်အနက် ရှစ်မြို့နယ်အား ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိသည့်မြို့နယ် နှစ်မြို့နယ်ကို အမြန်ဆုံး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ၏ဝန်ကြီးချုပ်သစ်ကို ဇူလိုင် ၁၃ ရက်တွင် ရွေးချယ်မည်



ပီတာ လင်ဂျာရိုအန်ရတ်

**ဗန်ကောက် ဇူလိုင် ၅**

ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ကို လာမည့်သီတင်းပတ်အတွင်း ပါလီမန်အစည်းအဝေးကျင်းပကာ ရွေးချယ်သွားမည်ဖြစ်ကြောင်း အောက်လွှတ်တော် ဥက္ကဋ္ဌ ဝမ်မူဟာမက်နူအာမာသာ က ယနေ့ပြောကြားသည်။

ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အား အောက်လွှတ်တော်ကိုယ်စားလှယ် ၅၀၀ နှင့် အထက်လွှတ်တော်ကိုယ်စားလှယ် ၂၅၀တို့က ဇူလိုင် ၁၃ရက်တွင် မဲပေးရွေးချယ်မည်ဖြစ်သည်။

ဝန်ကြီးချုပ်လောင်းအဖြစ် အမည်တင်သွင်းခံရသူ ကိုယ်စားလှယ်တစ်ဦးသည် ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံရရန်အတွက် အောက်လွှတ်တော်နှင့်အထက်လွှတ်တော် နှစ်ရပ်ပေါင်း အနည်းဆုံး ၃၇၆ မဲ ရရှိရန် လိုအပ်သည်။

မေလ ရွေးကောက်ပွဲတွင် ဦးဆောင်ခဲ့သည့် ရှေ့သို့လှမ်းချီပါတီနှင့်ဖွေထိုင်းပါတီတို့သည် ရှေ့သို့လှမ်းချီပါတီမှ ပီတာ လင်ဂျာရိုအန်ရတ်အား ဝန်ကြီးချုပ်သစ်အဖြစ်ထောက်ခံ၍ အမည်စာရင်းတင်သွင်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

❖

# ကမ္ဘောဒီးယားနိုင်ငံ အန်ကောဒေသသို့ ယခုနှစ်ပထမနှစ်ဝက်အတွင်း နိုင်ငံခြားသားခရီးသွား ၃၈၅၇၆၉ ဦးဝင်ရောက်ခဲ့



**ဖနောင်ပင် ဇူလိုင် ၅**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံ၏ ခရီးသွားဝင်ရောက်မှုအများဆုံးနေရာဖြစ်သည့် အန်ကောဒေသသို့ နိုင်ငံခြားသားခရီးသွား ၃၈၅၇၆၉ ဦး ဝင်ရောက်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၅၉၉၈၃ ဦးအထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

အဆိုပါအန်ကောဒေသသို့ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကာလအတွင်း နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၇ သန်း ဝင်ငွေရရှိခဲ့ကြောင်းလည်း သိရသည်။ ယင်းသို့ ဝင်ငွေရရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆၃၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အန်ကောဒေသတစ်ခုတည်းမှ ဇွန်လအတွင်း နိုင်ငံခြားသားခရီးသွား ၄၁၀၁၂ ဦး ဝင်ရောက်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ဝင်ငွေရရှိခဲ့ကြောင်းလည်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်းက နိုင်ငံခြားသားခရီးသွား ၂ ဒသမ ၂၇ သန်းဝင်ရောက်ခဲ့ကာ ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား ငါးသန်းအထိ ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဗီယက်နမ်နိုင်ငံက ယခုနှစ်ပထမနှစ်ဝက်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၂ သန်းတင်ပို့နိုင်ခဲ့

**ဟနွိုင်း ဇူလိုင် ၅**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၂ သန်းတင်ပို့နိုင်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဝင်ငွေရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်များကို အဓိကဝယ်ယူသည့်နိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်းလည်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပြည်တွင်းစားနပ်ရိက္ခာထုတ်လုပ်မှုပမာဏ လျော့ကျခဲ့ပေမယ့် ဖိလစ်ပိုင်နိုင်ငံသို့တင်ပို့မည့် ဆန်တင်ပို့မှုကို ယခင်ပမာဏထက် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဒေသတွင်းသတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် ကမ္ဘာ့ဆန်တင်ပို့နိုင်မှုအများဆုံးနိုင်ငံများစာရင်းတွင် တတိယနေရာ၌ ရပ်တည်လျက်ရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# တရုတ်ကားထုတ်လုပ်ရေးကုမ္ပဏီ BYD က ဘရာဇီးနိုင်ငံ၌ လျှပ်စစ်ကားစက်ရုံများတည်ဆောက်မည်

**ပေကျင်း ဇူလိုင် ၅**

တရုတ် ကားထုတ်လုပ်ရေးကုမ္ပဏီ BYD က ဘရာဇီးနိုင်ငံ၌ လျှပ်စစ်ကားစက်ရုံများ တည်ဆောက်မည်ဖြစ်ပြီး လာမည့်နှစ်တွင် စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ကားထုတ်လုပ်သည့် ကုမ္ပဏီများအနက် တစ်ခုဖြစ်သည့် အဆိုပါကုမ္ပဏီသည် ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဘာဟီယာပြည်နယ်၌ ယမန်နေ့က ကျင်းပသည့် သတင်း စာရှင်းလင်းပွဲတစ်ခုတွင် အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘာဟီယာပြည်နယ် မြို့တော်ဆာဗာဒါအနီးတွင် လျှပ်စစ်ကားစက်ရုံသုံးရုံ တည်ဆောက်မည်ဖြစ်သည်။

ယင်းစက်ရုံများသည် တစ်နှစ်လျှင် ကားအစီးရေ ၁၅၀၀၀၀ ခန့် ထုတ်လုပ်သွားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ကားအစီးရေ ၃၀၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း တရုတ်ကားထုတ်လုပ်ရေးကုမ္ပဏီ BYD ကဆိုသည်။




ထို့ပြင် အဆိုပါစက်ရုံများသည် အမေရိကနိုင်ငံများရှိ ခရီးသည်တင် လျှပ်စစ်ကားများအတွက် ထုတ်လုပ်မှုဆိုင်ရာ အခြေစိုက်စခန်းအဖြစ်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ကား ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၂၀ ဒသမ ၅ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ဒေသခံအလုပ်အကိုင် ၅၀၀၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ လျှပ်စစ်ကား အားသွင်းရုံများ လုံလောက်မှု မရှိခြင်းကြောင့် လျှပ်စစ်ကားများကို တွင်ကျယ်စွာ အသုံးမပြုနိုင်သေးပေ။

ဂျပန်၊ ဥရောပနှင့် အမေရိကန် မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီများသည် bioethanol နှင့် ဓာတ်ဆီသုံးသည့် flex-fuel ကားများကို တီထွင်ရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပညာ ဆန်းသစ်တီထွင်မှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် စီးပွားရေး ပြန်လည်ရှင်သန်လာမှုတို့ကို အလေးပေးလုပ်ဆောင်သည့် အနေဖြင့် ဘရာဇီးနိုင်ငံသည် BYD ၏ လျှပ်စစ်ကားထုတ်လုပ်ရေး စက်ရုံတည်ဆောက်ရေး စီမံကိန်းကို ကြိုဆိုကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ဘရာဇီးနှင့် တောင်အမေရိကရှိ လျှပ်စစ်ကားဈေးကွက်ကို တိုးမြှင့်လာနိုင်ဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ်ပထမသုံးလအတွင်း အီလက်ထရွန်နစ် ပြည်ဝင်ခွင့်ဗီဇာစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

**မနီလာ ဇူလိုင် ၅**

ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ်ပထမသုံးလအတွင်း အီလက်ထရွန်နစ် ပြည်ဝင်ခွင့်ဗီဇာစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ရောက်လာစေရေးအတွက် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုဆောင်ရွက်မည့် ပြည်ဝင်ခွင့်ဗီဇာလုပ်ငန်းများသည် မြန်ဆန်ထိရောက်ပြီး အကျိုးရှိမည်ဖြစ်ကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျီးဇက်ဒိုမင်ဂို က မှတ်ချက်ပြုသည်။

အာရှဒေသမှ ခရီးသွားများအား အီလက်ထရွန်နစ်ပြည်ဝင်ခွင့်ဗီဇာသက်တမ်း တိုးမြှင့်ပေးခြင်းဖြင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းကို မြှင့်တင်ကြရန် တာဝန်ရှိသူများအား သမ္မတ ဖာဒီနန်မားကို့စ် က ထပ်လောင်းပြောကြားသည်။ နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ၂၀၁၉ ခုနှစ်တွင်ရရှိခဲ့သည့်ဝင်ငွေသည် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၂ ဒသမ ၇ရာခိုင်နှုန်းရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**တက်ရောက်**

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒလမြို့နယ်၊ သုံးခွမြို့နယ်တို့နှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးပြီး သံဃာတော် သုံးပါးအပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငွေတွင်းကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦးသေဆုံးပြီး သံဃာတော် သုံးပါး အပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အရာတော်မြို့နယ် ငွေတွင်းကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်သည့် နေရာပြပုံ




ဖြစ်စဉ်မှာ အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ ယနေ့ နံနက် ၄ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏ အရှေ့တောင်ဘက်မှ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာအတွင်းရှိ ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး ဖုံးစထိမှန်သေဆုံးခဲ့ပြီး သံဃာတော် သုံးပါးနှင့် အပြစ်မဲ့ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများခံယူနိုင်ရန်အတွက် မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် အပြစ်မဲ့အရပ်သား ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ ယုတ်မာရက်စက်စွာ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလှပြင်သင်တန်းဖွင့်

**မိုးနဲ ဇူလိုင် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလှပြင်သင်တန်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး နမ့်စန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး သင်တန်းနည်းပြဆရာမ ဒေါ်သဇင်ထွေးက မျက်နှာသစ်နည်း၊ မျက်ခုံးမွှေးပုံစံရိတ်သိမ်းနည်း၊ ဖောင်ဒေးရှင်း မိတ်ကပ်လိမ်းနည်း၊ ပေါင်ဒါမျိုးစုံ အသုံးပြုနည်း၊ ကာလာစုံခြယ်နည်း၊ နှုတ်ခမ်းနီပုံဖော်နည်း၊ ဆံပင်ပုံစံရွေးချယ်နည်း၊ အဆင့်ဆင့် ဆံပင်ပုံစံအလှပြုပြင်နည်းများကို ဇူလိုင် ၅ ရက်မှ ၂၀ ရက်အထိ ၁၅ ရက်ကြာ သင်တန်းသူ ၂၀ အား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝိုးတောင်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၇-၂၀၂၃ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'မြန်မာ့ရေးဟောင်း ပေ၊ ပုရပိုက်အကြောင်း သိမှတ်ဖွယ်ရာ'
- ၀၉:၁၀ NRCအစီအစဉ် (ရှမ်း) လူမျိုးစုံညီငွေတောင်ပြည်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ သက်ရှိလောကသာယာလှပဖို့သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကြပါစို့
- ၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း **'လူပျိုကြီးမဟုတ်တဲ့လူပိုကြီး'**
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာစုံး'** (အပိုင်း-၁၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဂုံကြမ္မာမုန်တိုင်း'** (အပိုင်း-၂၃)
- ၁၄:၄၅ ပညာရေးပန်းတိုင်မှသည်အနာဂတ်နိုင်ငံတော်သစ်ဆီသို့ (အပိုင်း-၂)
- ၁၆:၃၅ ဒေသထုတ်ကုန်မှသည်နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ငမ့်လင့်ခြင်းအိပ်မက်'** (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဂုံကြမ္မာမုန်တိုင်း'** (အပိုင်း-၂၄)

### mitv

- 07:02 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:09 Ancient Shwe-San-Taw Pagoda
- 07:26 Myanmar Weaving
- 07:38 Malikha & Fairy Island
- 07:51 Kindhearted Pet Lovers
- 08:01 News
- 08:26 Conflict & Solution Between Man & Elephant
- 08:45 Healthy Diet: Keto Diet
- 09:01 Discovering Tribes: Kanan their life and customs (Part-I)
- 09:35 Mulberry Art Painting: Muu Muu
- 09:50 Products of Myanmar - Bamboo Hat
- 10:01 News
- 10:27 Sri Ksetra, Field of Fortune & Glory (Part-1)
- 10:47 Done Nyaung Hmaing: A New Tourism Spot
- 11:01 Myanmar Chef (Japanese)

### MRTV NRC

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၂)

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ရွာလွတ်ဆေးတံ

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
လခြမ်းမြို့မှ ရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ဆံပင်ကျွတ်ခြင်းကိုကာကွယ်နည်း

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ကွမ်းလုံးပြိုသို့အလည်တစ်ခေါက်

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
အပန်းဖြေစရာ ဘုရားဖူးကြကန်သို့အရောက်လှမ်းခဲ့ပါ

**ဝကောကရင် (၁၉:၀၀ မှ ၂၀:၀၀)**
အစာအိမ်ရောင်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ထူးကဲအရသာကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၃)

**ချင်း (လိုင်စိုး) (၂၂:၀၀ မှ ၂၃:၀၀)**
နလုံးသားထဲက ထာဝရရိဒ်ရေကန်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစားသတင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၃၀ Next Level
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၇:၃၀ ပလပ်စတစ်ညစ်ညမ်းမှုအန္တရာယ် အားလုံးပူးပေါင်းကာကွယ်ကြမယ်

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တနာတတ်သူတာဝန်ယူ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ အပိုင်း-၃
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)
- ၀၆:၀၀ **'ငရှသို့လှမ်း၍ - -ဝန်းတိုင်ဆီ'** (အပိုင်း-၅)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ အပင်ဇီဝအရင်းအမြစ်များစုဆောင်းရာ မျိုးစေ့ဘဏ်အကြောင်းသိကောင်းစရာ
- ၀၇:၁၀ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြီးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၇:၄၅ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲမှုန့်မျိုးစုံစားသုံးကြပါစို့
- ၀၈:၂၀ ကုန်စည်ဒိုင်နှင့်စိုက်တောင်သူ
- ၀၈:၅၅ သီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးမြေသြဇာ ပြုလုပ်သုံးစွဲနည်း
- ၀၉:၀၀ ပြုးပန်းဝေဖြာတို့တောရွာ (ဇာတ်လမ်းတို)
- ၀၉:၄၅ ရာဘာနှင့်ဆီအုန်းစပ်မျိုးသစ်များထုတ်လုပ်ခြင်း

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲမဆုံနိုင် ရင်ဆိုင်၍တက်'**
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန
(၅-၇-၂၀၂၃)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၂၅ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၇-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၆,၂၂၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၆၁)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၈)ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၈၅,၅၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၄၀,၆၁၃)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၅၀)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၀၈)ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု



ပင်းတယ ဇူလိုင် ၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီခွဲက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ကြိုသက်)၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခြေခံပညာအထက်တန်းကျောင်း(ကြိုသက်)တွင် RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်းတယမြို့ ပုန်းတလုတ်ကန်အတွင်း ရေဝင်ရောက်ရာနေရာ၌ နုန်းစုကန်ဆောင်ရွက်မည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုန်းတလုတ်ကန်အတွင်း ရေဝင်ရောက်မည့်နေရာတွင် ရေမြောင်းနှင့် နုန်းစုကန်တို့ကို ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပုန်းတလုတ်ရေကန် ရေဝေရေလဲဧရိယာအတွင်းရှိ သစ်ပင်စိုက်ပျိုးမည့်ကျေးရွာများသို့ ပျိုးပင်ပေးအပ်ခြင်းအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်အမှာစကား ပြောကြားသည်။ ယနေ့အခမ်းအနားတွင် သစ်တောဦးစီးဌာနမှ ပုန်းတလုတ်ကန် ရေဝေရေလဲ ဧရိယာအတွင်းရှိ ကျေးရွာကိုးရွာသို့ ပျိုးပင် ၂၇၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကချင်ပြည်နယ် ဆဒုံးမြို့ ယာယီတိုက်ပွဲရှောင်စခန်း ပိတ်သိမ်း

နေပြည်တော် ဇူလိုင် ၅

ကချင်ပြည်နယ် ဆဒုံးမြို့ အမှတ်(၂) ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီတိုက်ပွဲရှောင်စခန်း၌ ခိုလှုံနေသော နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၆ စုသည် လီဆူခရစ်ယာန် အသင်းတော်အထက်မြန်မာပြည်က တာဝန်ယူဆောက်လုပ်လှူဒါန်းသည့် အမှတ်(၂)ရပ်ကွက် မြေကေ ၂ ဒသမ ၀၆ ကေပေါ်ရှိ တန်ဖိုးနည်းအိမ်ရာသို့ ဇွန် ၃၀ ရက်တွင် ၎င်းတို့အစီအစဉ်ဖြင့် ပြောင်းရွှေ့သွားသဖြင့် ယာယီတိုက်ပွဲရှောင်စခန်းအား ပိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ဇော်ဝင်းထွန်း



ဝိုင်းမော်မြို့နယ်ဆဒုံးမြို့ ဆဒုံးထွေ/အုပ်ယာယီတိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၁၆ စုတို့သည် အမှတ်(၂)ရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာသို့ ပြောင်းရွှေ့နေထိုင်စဉ်။

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(YUFL)တို့ ပူးပေါင်းပြီး "Towards Sustainable Futures: Waste Separation And Disposal Panel Discussion And Workshop"ခေါင်းစဉ်ဖြင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် YUFL မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်၊ YUFL မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမင်းမင်းရီ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအိမွန်ဝင်းတို့က နိုင်ငံတကာတွင် အမှိုက်ကို စနစ်တကျစွန့်ပစ်မှုကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှု အတွေ့အကြုံများ၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိခိုက်ပျက်စီးပြီး ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပွားလျက်ရှိသည့် အခြေအနေများ၊ အမှိုက်စိုနှင့် အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရန် အဓိကအရေးကြီးသည့် အကြောင်းအရာများ၊ ပလတ်စတစ်အမှိုက်များကို စနစ်တကျစွန့်ပစ်မှု



မရှိသည့်အတွက် ရေထုညစ်ညမ်းမှုမှတစ်ဆင့် လူ့ပတ်ဝန်းကျင်တစ်ခုလုံး ထိခိုက်နိုင်သည့် အခြေအနေများအား ပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ YUFL ကျောင်းသား ကျောင်းသူများအား အဖွဲ့ရှစ်ဖွဲ့ခွဲကာ လက်တွေ့အမှိုက်ခွဲခြားစွန့်ပစ်ခြင်းနှင့် ကွန်ပျူတာဂိမ်းပြိုင်ပွဲများ ကျင်းပပြီး အမှန်ကန်ဆုံး အမှိုက်ခွဲခြားစွန့်ပစ်နိုင်သည့်အဖွဲ့အား YUFL မှ ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမင်းမင်းရီက ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက "စိတ်လှဖို့လိုတယ်"သီချင်းဖြင့် လည်းကောင်း၊ YUFL မြန်မာဘာသာဌာနမှ ဒုတိယနှစ် ကိုရီးယားကျောင်းသား မောင်သူရိန်နှင့်အဖွဲ့က Heal the World သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

သတင်း-နန္ဒာဆွေ(မြို့တော်)၊ ဓာတ်ပုံ-စောလှိုင်ဝင်း

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မုဒုံမြို့၌ လက်ရက်ကန်းသင်တန်းဆင်းပွဲ ကျင်းပ



မုဒုံ ဇူလိုင် ၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (မုဒုံမြို့)တွင် ၂၀၂၃ ပညာသင်နှစ် (ပထမအကြိမ်) လက်ရက်ကန်းခြောက်လ သင်တန်းဆင်းပွဲကို ဇူလိုင် ၄ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေး၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများ လက်တွေ့လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ငလပွေ့ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ထို့ပြင် တိုးချဲ့ရပ်ကွက်ရှိ ဓမ္မကာရုံ ပရဟိတဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ပြီး တိုင်းရင်းဆေးလုပ်ငန်းရှင်များ လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံနှင့် နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းကာ အဆိုပါကျောင်းတိုက်၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်မှုများကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြောက်ဦးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် မုန်တိုင်းဒဏ်သင့် ပြည်သူများထံ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်၍ ကျေးရွာအုပ်စု ၂၆ စုရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ မာန်အောင်မြို့၌ ရောက်ရှိနေသည် ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ပြီး ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော ဦးရာဇ်တော်ခေတ်စေတီတော်မြတ်ကြီးရှိ ခေတ်လေ့ကားအဆောက်အအုံ၊ စက်ကိရိယာများနှင့် လူလျှောက်လမ်းများအား ကြည့်ရှုစစ်ဆေးပြီး ပြန်လည်မွမ်းမံရန် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် ညနေပိုင်းတွင် သာယာဝဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ပစ္စည်းများ ထားသိုရာ Cyclone Shelter သို့ သယ်ယူရွှေ့ပြောင်းပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်သူဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ပြုလုပ်သည့် မုန်တိုင်းဒဏ်သင့် တောင်သူများအား မျိုးစပါးပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ကျေးရွာအုပ်စု ၅ စုရှိ မုန်တိုင်းဒဏ်သင့်တောင်သူများထံ ပေါ်ဆန်းရင်မျိုးစပါး တင်း ၁၀၀၊ နံ့ထောက် တင်း ၁၀၀၊ GW-11တင်း ၁၀၀၊ ကြားပျံ ၁၀၀ တင်း၊ စုစုပေါင်း တင်း ၄၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၅ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၇၀ | ၁၉၄၅ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၈၂၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၆၀ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၅ | ၂၁၁၅ | ၂၁၀၀ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၈၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၆၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၆၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၃ | ၁၈၈၂ |
| 95 Ron | ၁၉၃၂ | ၂၀၀၄ |
| HSD (500 ppm) | ၁၈၆၃ | ၁၉၃၀ |
| HSD (50 ppm) | ၁၉၃၇ | ၂၀၀၅ |
| HSD (10 ppm) | ၁၉၃၇ | ၂၀၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# သဘာဝဘေးကျရောက်သောဒေသများတွင် တပ်မတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များက ပျားလည်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ တပ်မင်းချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှောင်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ ကောင်းခန့်လွင်(ခ) ဖိုးကောင်းသည် ၎င်းအသုံးပြုသည့် “Kaung Khant Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ၎င်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## “စိမ်းမို့မို့ အမှတ်တရတေးများ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၅

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် “စိမ်းမို့မို့ အမှတ်တရတေးများ” တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၇ ရက် (သောကြာနေ့) ညစနာရီ သတင်းများ အပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ အစီအစဉ်တွင် “မြန်မာ့အသံ တေးဂီတ” အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် စိမ့်နေခြည်၊ သဥ္ဇာမြင့်မိုရ်၊ အိအိလှိုင်၊ ရွှေဖြူ၊ ချိုမီမီဇော်၊ ချစ်စုစံ၊ ခိုင်သဇင်ဦး၊ ဖူးကောရီ ဆောင်း၊ ပပအောင်၊ မြတ်ဆုချယ်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## “ ဟာသမြို့တော် ” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

“ဟာသမြို့တော်” ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်ပြီး “လွဲလွဲလေးလည်း ကောင်းပါတယ်” ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ရဲလေးမ၊ ကိုထွန်း၊ အိုကေ၊ ဥဩ၊ ဟာသမယ်မတူး၊ ရွှေယမင်းနှင့် ကြယ်စင်လင်းတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

ထုတ်လွှင့်ပြသ

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဇူလိုင် ၈ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဇူလိုင် ၁၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ဒေသထွက် နဂါးမောက်သီးများ စတင်ရောင်းချ

**ကန့်ဘလူ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး လယ်ယာထွက်ကုန်သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးလျက်ရှိသော နဂါးမောက်မျိုး သုံးမျိုးမှာ အပြင်အခွံအနီရောင်နှင့် အတွင်းသားအဖြူရောင်ရှိသော မျိုး၊ အပြင်ခွံအနီရောင်နှင့် အတွင်းသားအနီရောင်ရှိသောမျိုး၊ အပြင်ခွံအဝါရောင်နှင့် အတွင်းသားအဖြူရောင်ရှိသောမျိုးတို့ ဖြစ်သည်။

ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာ၊ အင်ကြင်းစုကျေးရွာနှင့် အခြားနေရာများတွင် နဂါးမောက်သီးများကို မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာ ယခုအချိန်သည် နဂါးမောက်သီးများ ခူးဆွတ်ရာသီဖြစ်သောကြောင့် ဈေးကွက်အတွင်း စတင်ရောင်းချနေကြကြောင်း၊ နဂါးမောက်သီးသည် မေလမှ အောက်တိုဘာလအထိ ၇-၈ ကြိမ်ခန့် ခူးဆွတ်ရပြီး တစ်နှစ်လျှင် ၅-၆ လခန့် ဝင်ငွေရရှိနိုင်သော စီးပွားရေးတွက်ခြေကိုက်သည့် ဥယျာဉ်ခြံထွက်သီးနှံတစ်ခုဖြစ်သည်။ ကန့်ဘလူမြို့ သစ်သီးဈေးကွက်တွင် ရောင်းချနေသော နဂါးမောက်သီး ဈေးနှုန်းများမှာ အသေး တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှင့်အကြီးတစ်လုံးလျှင် ငွေကျပ် ၇၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သစ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

## ဆိပ်ဖြူကြက်သွန်နီ ဈေးနှုန်းဈေးကွက်

**ဆိပ်ဖြူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူဈေးကွက်သို့ ဇွန် ၂၂ ရက်မှ ၃၀ ရက်အထိ စတုတ္ထပတ်အတွင်း ကြက်သွန်နီ ကုန်ချိန်ပိဿာ ခုနစ်သောင်းခန့် နေ့စဉ်ဝင်ရောက်ခဲ့ပြီး တစ်ပတ်အတွင်း စုစုပေါင်းပိဿာချိန် ငါးသိန်းခန့် ကုန်စည်ဒိုင်နှင့် ပွဲရုံများသို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဇွန်လစတုတ္ထပတ်အတွင်း ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေးထိပ်စ (ရှယ်) ငွေကျပ် ၁၉၅၀-၁၉၃၅ ကျပ်၊ အလတ်စ ငွေကျပ် ၁၉၀၀-၁၈၀၀၊ အနိမ့်ဈေး ငွေကျပ် ၁၇၀၀-၁၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လတတိယပတ်တွင် ကြက်သွန်နီထိပ်စ အမြင့်ဆုံးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ယခုတစ်ပတ်တွင် ထိပ်စ(ရှယ်)နှင့် အလတ်စ၊ အသေးစတို့မှာ တစ်ပိဿာလျှင် ငွေကျပ် ၅၀ ခန့် ဈေးကျ၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့မှ ကြက်သွန်နီများကို ပြည်တွင်းဖြန့်ဖြူးမှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ တင်ပို့လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် တရုတ်၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း၊ ဇွန်လစတုတ္ထပတ်အတွင်း ကြက်သွန်နီ စုစုပေါင်း ပျမ်းမျှပိဿာချိန် ငါးသိန်းခန့်၊ အိတ်ရေအားဖြင့် ၁၆၆၆၇ အိတ်၊ တန်ချိန်အားဖြင့် ၈၁၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း သိရသည်။

## ရေစကြိုမြို့နယ်၌ မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း

**ရေစကြို ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ မေလတွင် မိုးသီးနှံများ စတင်စိုက်ပျိုးခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးသီးနှံများဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း (ပဲနောက်စိမ်း)နှင့် နှမ်းသီးနှံများကို စိုက်ပျိုးရန် ၄၀၆၁၂ ဧက လျာထားပြီး ၃၂၇၇၁ ဧကစိုက်ပျိုးနိုင်ခဲ့သည့်အနက် ပဲတီစိမ်း (ပဲနောက်စိမ်း)သီးနှံအတွက် စိုက်ပျိုးရန် ၂၉၄၁၂ ဧက လျာထားပြီး ၂၈၈၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စု ကွမ်းသီးကန်ကျေးရွာတွင် မိုးသီးနှံမြေပဲ၊ ပဲတီစိမ်း(ပဲနောက်စိမ်း)နှင့် နှမ်းသီးနှံများကို စိုက်ပျိုးကြပြီး ပဲတီစိမ်း(ပဲနောက်စိမ်း)ကို အဓိကအများဆုံးစိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပဲတီစိမ်း(ပဲနောက်စိမ်း) သီးနှံမျိုးများကို တစ်ဧကကုန်ကျစရိတ်အနေဖြင့် ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျကြောင်း၊



ဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် ပဲတီစိမ်း(ပဲနောက်စိမ်း)တစ်တင်းလျှင် ငွေကျပ် ၄၄၀၀၀ မှ ၅၀၀၀၀ အထိ ရောင်းချရကြောင်း၊ ပဲတီစိမ်း (ပဲနောက်စိမ်း) သီးနှံသည် မိုးလေဝသနှင့်ရာသီဥတုကို မျှော်မှန်းပြီးစိုက်ပျိုးရသော သီးနှံဖြစ်သည့်အတွက် တောင်သူများ၏ အကျိုးအမြတ်အနေဖြင့် မိုးလေဝသနှင့် ရာသီဥတုအပေါ် မူတည်နေကြောင်း၊ ယခုလက်ရှိအချိန်တွင် ပဲစိုက်ခင်းများမှာ အဖူးအပွင့်များ စတင်ဖူးပွင့်ကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မုတ်သုံမိုးရွာသွန်းပါက အထွက်နှုန်းကောင်းနိုင်ပြီး တောင်သူများအနေဖြင့်လည်း အကျိုးအမြတ်များစွာရရှိနိုင်ကြောင်း သိရသည်။

## မြို့သစ်မြို့နယ်၌ နှမ်းစပါးများ စတင်ရိတ်သိမ်းလျက်ရှိ

**မြို့သစ် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ လယ်မြေဧက ၅၇၈၅၁ ဧက၊ ယာမြေဧက ၉၀၇၁၆ ဧကနှင့် ကိုင်းကျွန်းမြေဧက ၁၀၅၆ ဧကပေါ်တွင် စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ဝါနှင့် မြေပဲစသည့် သီးနှံများစိုက်ပျိုးကြကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် နှမ်းစပါးစိုက်ဧက ၇၀၀၀ ရှိသည့်အနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့သစ်မြို့နယ်၌ နှမ်းစပါးသီးနှံကို မတ်လနှင့် ဧပြီလတို့တွင် စတင်စိုက်ပျိုးခဲ့ရာ ၂၅၄၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မျိုးစပါးအနေဖြင့် တောင်သူအများစုမှာ ရတနာတိုးစပါးမျိုးကိုသာ စိုက်ပျိုးကြပြီး ဇွန်လလယ်မှစတင်၍ နှမ်းစပါးများ ရိတ်သိမ်းလျက်ရှိရာ စပါးတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ မှ ၁၆၀၀၀ အထိ အရောင်းအဝယ်ရှိကြောင်း၊ ယခင်နှစ်တွင် နှမ်းစပါးစိုက်ဧက ၇၈၀၀ ရှိပြီး စပါးတစ်တင်းလျှင် ငွေကျပ် ၇၅၀၀ ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် နှမ်းစပါးစိုက်ပျိုးမှု အောင်မြင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် စပါး ၇၅ တင်းမှ တင်း ၈၀ အထိ ထွက်ရှိသည့်အတွက် တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ခြောက်သိန်းခန့်ရရှိကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၅-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၁၀၀၀ | ၈၅၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၈၀၀ | ၄၀၀၀ | ၃၇၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၇၀၀ | ၉၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၂၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၈၅၀၀ | ၄၈၀၀ | ၉၀၀၀ | ၈၀၀ | ၇၆၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၉၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၃၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
